# ကြေးမုံ

**The Mirror**

၁၃၆၅ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်၊ သောကြာနေ့၊ (2-1-2004)(၄၁၀၃)

ယနေ့ထုတ်
စောင်ရေ
၁၉၆၇၆၇


သိပ္ပံဥ၊
တော် မင်္ဂလ မုတ္တမံ

လက်မှုစက်မှုပညာ တတ်မြောက်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

## ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်

သမိုင်းစဉ်တစ်လျှောက် ညီညွတ်ခဲ့သည့်အစဉ်အလာ၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်ဆန့်ကျင်ရေးနှင့် လွတ်လပ်ရေးကြိုးပမ်းမှုများတွင် တစ်ဦးအပေါ်တစ်ဦး နားလည်မှုအပြည့်အဝဖြင့် စည်းလုံးညီညွတ်ကြသည့် အစဉ်အလာကောင်းတို့ကို ဆက်လက်ထိန်းသိမ်းရေးသည် ကျွန်ုပ်တို့ပြည်ထောင်စု တိုင်းရင်းသားတစ်ဦးချင်း၏ အရေးအကြီးဆုံးသော မြင့်မားမွန်မြတ်သည့် တာဝန်ကြီးတစ်ရပ်ဖြစ်ပါသည်။

သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးအသီးသီးတို့သည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို အသက်တမျှ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် အဓိကတာဝန်ရှိကြပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ
(၄၆)နှစ်မြောက် ပြည်ထောင်စုနေ့သဝဏ်လွှာမှ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားတွင် အောင်စစ်သည်ဆု ရရှိသူ ဗိုလ်လောင်းအမှတ် (၃၁၄) ဗိုလ်လောင်း စိုးမင်းအောင်အား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

# နိုင်ငံတော်အတွင်း ရောက်လေရာဒေသတိုင်းမှာ အတွေ့အကြုံသစ်များကို ရှာဖွေမှတ်တမ်းတင် ကုသမှုသက်သက်ကိုသာ မဆောင်ရွက်ဘဲ သုတေသနလုပ်ငန်းကို မှတ်တမ်းမှတ်ရာဖြင့် ဆောင်ရွက် တပ်မတော်သားကောင်းပီသစွာ စစ်မြေပြင်အတွေ့အကြုံ ရင့်ကျက်အောင် ဖြည့်ဆည်းကြရန်လိုအပ်

## ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်းပွဲ မိန့်ခွန်းပြောကြား

ရန်ကုန် ဇန်နဝါရီ ၁

**တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ပြောကြားသည့် မိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။**

**ရဲဘော်တို့**

တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅) သင်တန်းဆင်းပွဲအခမ်းအနားမှာ ရဲဘော်တို့ သိသင့်သိထိုက်တာတွေကို အလေးအနက် မှာကြားသွားမှာဖြစ်တယ်။

သမားဇာနည်၊ အောင်စစ်သည်များဖြစ်ကြတဲ့ ရဲဘော်တို့ဟာ တပ်မတော်ဆေးဘက်ဆိုင်ရာတာဝန်တွေနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်တွေကို ထမ်းဆောင်ကြရတော့မှာဖြစ်တယ်။

**ရဲဘော်တို့**

တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်တွေဟာ လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက ဖွဲ့၊ လုံ့လ၊ ဝီရိယကြီးမားစွာနဲ့ အခက်အခဲဟူသမျှကို ရင်ဆိုင်ကျော်လွှားပြီး မျိုးချစ်စိတ်ဓာတ်ထက်သန်စွာ တာဝန်ထမ်းဆောင်ခဲ့ကြသူတွေဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာ ဒီအစဉ်အလာတွေကို ဆက်လက်သယ်ပိုး သွားကြရမယ်။

**ရဲဘော်တို့**

ဆေးဘက်ဆိုင်ရာနဲ့ ပတ်သက်လို့ ပြောကြားရရင် ကျန်းမာရေး အသိပညာပေးမှုဟာ အရေးအကြီးဆုံးဖြစ်တယ်။ ကျန်းမာရေးအသိမရှိရင် **အပ်နဲ့ထွင်ရမှာ ပုဆိန်နဲ့ပေါက်** ဆိုသလိုပဲ မဖြစ်သင့်တာတွေ ဆိုးဆိုးဝါးဝါးဖြစ်ကြရတယ်။ ဒါကြောင့် ကျန်းမာရေးပညာပေးလုပ်ငန်းကို အလေးထားလုပ်ကိုင်ကြဖို့ မှာကြားလိုတယ်။

ရောဂါကုသခြင်းအပိုင်းမှာတော့ **အနာမသိ ဆေးမရှိ** ဆိုတဲ့ စကားအတိုင်းပဲ အနာရောဂါကို မှန်မှန်ကန်ကန်ဖော်ထုတ်နိုင်မှ မြန်မြန်ဆန်ဆန်ပျောက်ကင်းအောင် ကုသနိုင်မှာဖြစ်တယ်။ ဒီလိုဖော်ထုတ်နိုင်ဖို့ အတွေ့အကြုံနဲ့ ဗဟုသုတတွေလိုတယ်။ လိုအပ်ရင်လိုအပ်သလို ဆွေးနွေးမေးမြန်း နှီးနှောတိုင်ပင်ကြရမယ်။ ကိုယ့်ကိုယ်ကိုယ် နှိမ့်ချစိတ်နဲ့ သူတစ်ပါးရဲ့ အတွေ့အကြုံကို မျှဝေရရှိဖို့ ပညာမာနမထားကြဖို့လိုတယ်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ☆

**နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။**

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီး ဒေါ်ကြိုင်ကြိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲ တက်ရောက်ချီးမြှင့်

ရန်ကုန် ဇန်နဝါရီ ၁

**တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယနေ့ည ၇နာရီတွင် ရန်ကုန်မြို့ တပ်မတော်ဆေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမဆောင်ကြီး၏ စုဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင်တို့ တက်ရောက်ချီးမြှင့်ကြသည်။**

## တက်ရောက်

အဆိုပါ သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးနှင့်ဇနီး ဒေါ်မြမြစန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်ဇနီး ဒေါက်တာဒေါ်ခင်ဝင်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့်ဇနီး၊ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့်ဇနီး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ ဖြစ်ကြသည့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး အောင်ထွေး၊ ဒုတိယဗိုလ်ချုပ်ကြီးခင်မောင်သန်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို၊ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးသီဟသူရတင်အောင်မြင့်ဦး၊ တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးကြည်မင်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်မြတ်ဟိန်းနှင့် ၎င်းတို့၏ဇနီးများ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့်ဇနီး၊ အစိုးရအဖွဲ့-အဖွဲ့ဝင်ဝန်ကြီးများ၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ဥက္ကဋ္ဌ၊ တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်ဆေးတက္ကသိုလ်မှ ဆရာ၊ ဆရာမများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ တက်ရောက်ကြသည်။

## ညှို့ခံဖျော်ဖြေ

ဂုဏ်ပြုညစာစားပွဲအပြီးတွင် ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား တပ်မတော်ဆေးတက္ကသိုလ်ခန်းမဆောင်ကြီး၌ မြဝတီတေးဂီတအဖွဲ့နှင့်အတူ မြဝတီတေးဂီတအဖွဲ့မှ အနုပညာရှင်များနှင့် မြန်မာနိုင်ငံဂီတအစည်းအရုံးမှ အနုပညာရှင်များက အဆိုအကဖြင့်လည်းကောင်း၊ မြဝတီအငြိမ့်အဖွဲ့က အငြိမ့်ဖြင့်လည်းကောင်း ဧည့်ခံဖျော်ဖြေကြသည်။

(သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဇနီးဒေါ်ကြိုင်ကြိုင် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၅) သင်တန်းဆင်းဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ချီးမြှင့်စဉ်။ (သတင်းစဉ်)

## လက်တွဲညီညီ ဆက်လုပ်မည်

* မြန်ပြည်ထောင် လွတ်လပ်ရေးကိုလ
ကြံစည်ဆောင် သွေးတွေချွေးတွေနဲ့
အသက်တွေပေးယူခဲ့တယ်။

* လွတ်လပ်ခြင်း
လက်ငင်းမခံစားခင်က
သပ်သွင်းကာ သူလျှိုသွားတာမို့
တို့ဆွေဉာ ထင်မြင်လွဲ
သွေးကွဲခဲ့တယ်။

* ညီနောင်ချင်း
မာန်တင်းယှဉ်ပြိုင်တော့
ဘေးမှာထိုင် လက်ခုပ်တီးတာက
ဘယ်သူလဲကြည့်တဲ့ခါ
မြင်ပါရနယ်ချဲ့။

* တို့အချုပ်အခြာ
မတတ်သာ သူပြန်ပေးပေမယ့်
ခပ်ခွာခွာ ဟိုရပ်ဝေးဆီက
တို့ကြမ္မာ ခြယ်လှယ်ရေး
ကြံတွေးသူလှည့်။

* ဒီအကြောင်း
ကောင်းကောင်း သေချာသိပေမယ့်
ကလိသူ မသမာများရယ်ကြောင့်
ပြန်ညှိရအချိန်ယူ
ကြည်ဖြူလို့လက်တွဲ။

* ခုလဲလေ
ထပ်လောင်းဉာဏ်ထွေထွေနဲ့
တူတွဲနေ တို့လက်များကိုလ
ပြုတ်သွားစေ လုပ်ကြံခဲ့ပေမယ့်
စိတ်ဓာတ်ငြိမ်စွာဖြင့်
ချုပ်အခြာခိုင်မာရေးတွက်
တို့လက်တွေ ခိုင်ခိုင်တွဲ
ဆက်လုပ်မှာပဲ။ ။

မျိုးလွှား

## တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်မွေးမြူ ဒေသဖွံ့ဖြိုးရေး ဝီရိယစိုက်ထုတ်ကြိုးပမ်း

၂-၁-၂၀၀၄ (သောကြာနေ့)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်နယ်နှင့်တိုင်း ၁၄ခုတို့ဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ပြည်ထောင်စုကြီးတစ်ရပ်လုံး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းတည်ဆောက်လျက်ရှိသည်။ နိုင်ငံတော် တာဝန်ရှိသူများသည် နယ်စပ်ဒေသ အစွန်အဖျားအပါအဝင် နိုင်ငံတော်တစ်ဝန်းသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသခံတိုင်းရင်းသားများ၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားရေး လိုအပ်ချက်များကို လေ့လာသုံးသပ် ဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အဖွဲ့ဝင်များနှင့်အတူ ဒီဇင်ဘာလ ၂၈ ရက်နှင့် ၂၉ ရက်နေ့များက ကချင်ပြည်နယ် မြစ်ကြီးနားမြို့၊ ပူတာအိုမြို့၊ နောင်မွန်းမြို့၊ ပန်နန်းဒင်မြို့၊ ဆွမ်ပရာဘွမ်မြို့တို့သို့သွားရောက်၍ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးပြီး တိုင်းရင်းသူ၊ တိုင်းရင်းသားပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံတော်ဝန်ကြီးချုပ်က ကချင်ပြည်နယ်ခရီးစဉ်အတွင်း ဒီဇင်ဘာလ ၂၉ ရက်နေ့က ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ပူတာအိုခရိုင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံရာတွင် **တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စု စိတ်ဓာတ်တို့ကို မွေးမြူပြီး တိုင်းရင်းသားလူမျိုးများအားလုံး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်ဖြင့် မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်အောင်၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲအောင် တက်ညီလက်ညီ လက်တွဲပူးပေါင်း ဆောင်ရွက်ကြရန်** မှာကြားခဲ့သည်။

ပူတာအိုဒေသသည် မြန်မာနိုင်ငံ၏ မြောက်ဖျားတွင် တည်ရှိပြီး ရေ၊ မြေဒေသ သဘာဝပတ်ဝန်းကျင် ကောင်းမွန်သည်။ ဆီးနှင်းဖုံးလွှမ်းသော တောင်တန်းကြီးများရှိ၍ သဘာဝအခြေခံ ကမ္ဘာလှည့်ခရီးသည်လုပ်ငန်း အောင်မြင်ဖြစ်ထွန်းနိုင်သည့် အလားအလာကောင်းများ ရှိနေသည်။

ထို့အပြင် ပူတာအိုဒေသသည် မြေဆီသြဇာကောင်းမွန်ပြီး စိုက်ပျိုးရေးဖြစ်ထွန်းနိုင်သည့် ဒေသဖြစ်ရာ ဝမ်းစာဖူလုံရုံမျှမက ဆန်စပါးပိုလျှံစွာထွက်ရှိရေး တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ အခြားဖြစ်ထွန်းနိုင်သော သီးနှံများဖြစ်သည့် လက်ဖက်၊ မက္ကာဒေးမီးယား၊ သစ်ကြားသီး၊ မှို၊ ဟင်းသီးဟင်းရွက်နှင့် မုန်ညင်း၊ မြေပဲ၊ ပန်းနှမ်းစသည့် ဆီထွက်သီးနှံများကိုလည်း စီးပွားဖြစ်စိုက်ပျိုးထုတ်လုပ်ကြရန်လိုအပ်သည်။

နောင်မွန်းမြို့နယ်အနေဖြင့် ဒေသဝမ်းစာဖူလုံရေးအတွက် စိုက်ပျိုးရေးလုပ်ငန်းများကို တိုးချဲ့စိုက်ပျိုးကြရမည်ဖြစ်သည်။ တာဝန်ရှိသူများကလည်း စပါးသာမက စားသုံးသီးနှံစုံလင်စွာ စိုက်ပျိုးရေး၊ ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ပေါင်းစပ်အသုံးပြုရေး၊ ဒေသတွင်းဖြစ်ထွန်းနိုင်သည့် လက်ဖက်ကို စီးပွားဖြစ်စိုက်ပျိုးနိုင်ရေးတို့အတွက် စိုက်ပျိုးနည်းစနစ် ပညာပေးခြင်း၊ သီးနှံမျိုး ဖြန့်ဝေခြင်းများဖြင့် ဒေသခံပြည်သူများအား ပံ့ပိုးပေးကြရမည်ဖြစ်သည်။

ဆွမ်ပရာဘွမ်မြို့သည် သာယာလှပသောတောင်ပေါ်မြို့အဖြစ်ထင်ရှားကျော်ကြားသည်။ လမ်းပန်းဆက်သွယ်ရေးအားနည်းမှုရှိ၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျနေခြင်းဖြစ်သည်။ နိုင်ငံတော်ဝန်ကြီးချုပ်၏ ယခု ကချင်ပြည်နယ် ခရီးစဉ်အတွင်း မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုကားလမ်းကို နှစ်နှစ်ကာလအတွင်း အပြီးအဆင့်မြှင့်တင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ရာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုနိုင်မည်ဖြစ်သည်။

ဒေသတစ်ခု၏ ဖွံ့ဖြိုးတိုးတက်မှုသည် ထိုဒေသ၏ ရေမြေသဘာဝသယံဇာတ အခြေအနေပေးမှု၊ ဒေသခံပြည်သူများ၏ တက်တက်ကြွကြွ အားထုတ်ကြိုးပမ်းမှုနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ၏ စိတ်တက်
အားတက် ပူးပေါင်းကူညီဆောင်ရွက်မှုတို့အပေါ်တွင် များစွာ တည်မှီလျက်ရှိသည်။ နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်ပြီး ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေးအဆင့်အတန်း မြင့်မားလာသည်နှင့်အမျှ နိုင်ငံတော်အစိုးရက ပြည်သူများအပေါ်ထားရှိသည့် စေတနာကို သိမြင်သဘောပေါက်လာကာ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ပိုမိုခိုင်မာလာမည်ဖြစ်သည်။

ပြည်ထောင်စု တိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးမှု၊ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြမည်ဖြစ်သည်။ ထို့ထက် တိုင်းရင်းသားအားလုံးက ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် အစဉ်အမြဲ လက်တွဲပူးပေါင်း ကာကွယ်စောင့်ရှောက်သွားနိုင်ကြမည်ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ကို မွေးမြူပြီး ညီညွတ်တက်ကြွသော အားမာန်အပြည့်အဝဖြင့် မိမိနိုင်ငံ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ တည်ငြိမ်အေးချမ်းသာယာရေးနှင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးတို့အတွက် ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်သွားကြရန် ကြေးမုံက တိုက်တွန်းပါသည်။ ။

အီရတ်နိုင်ငံ၏ အစုအပြုံလိုက် ဖျက်ဆီးနိုင်သောလက်နက်များ (ဒဗလျူအမ်ဒီ) ပြဿနာနှင့်ပတ်သက်၍ ဗြိတိသျှဝန်ကြီးချုပ် တိုနီဘလဲအနေဖြင့် အများအယွင်းပြုမိကြောင်း ၎င်းကိုယ်တိုင် ဝန်ခံပြောဆိုသင့်သည်ဟု ဗြိတိသျှနိုင်ငံခြားရေးဝန်ကြီးဟောင်း ရော်ဘင်ကွတ်က မကြာမီက ဝေဖန်ပြောဆိုခဲ့သည်။

အီရတ်နိုင်ငံအား အမေရိကန်ဦးဆောင်သောတပ်ဖွဲ့က ကျူးကျော်တိုက်ခိုက်ခဲ့ရာတွင် ပူးတွဲပါဝင်ခဲ့သော ဗြိတိန်နိုင်ငံသည် အီရတ်စစ်ပွဲ တရားမျှတမှုရှိပုံကို အကြောင်းပြနိုင်ရန်အတွက် ဆက်ဒမ်ဟူစိန်၏ အစုအပြုံလိုက် ဖျက်ဆီးနိုင်သောလက်နက်များနှင့်စပ်လျဉ်း၍ သုံးသပ်ချက်မှတ်တမ်း ထုတ်ပြန်ခဲ့ရာတွင် ယင်းမှတ်တမ်း၌ အားနည်းချက်များပါဝင်သည်ဟု ဝေဖန်ချက်များ ပေါ်ထွက်ခဲ့သည်။

# ဆက်ဒမ်ဟူစိန်၏ လက်နက်များနှင့် စပ်လျဉ်း၍ သုံးသပ်ချက်မှတ်တမ်း၌ အားနည်းချက်များ ပါဝင်

## လုံခြုံရေးဆောင်ရွက်

ဒီဇင်ဘာ ၃၀ ရက်က ဘဂ္ဂဒက်မြို့ရှိ လူနေထူထပ်သည့်ရပ်ကွက်တွင် လုံခြုံရေးစောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

## ကင်းလှည့်စောင့်ကြပ်

အီရတ်သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ မွေးရာဇာတိဖြစ်သော တီကရစ်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်ခြေလျင်တပ်ရင်းမှ တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့မြင်ရစဉ်။

အီရတ်နိုင်ငံတွင် နှစ်သစ်ကူး အားလပ်ရက်ကာလအတွင်း ခုခံတိုက်ခိုက်မှုများ တိုးတက်ဖြစ်ပေါ်လာမည်ကို ကြိုတင်ကာကွယ်သည့်အနေဖြင့် လုံခြုံရေးကို တင်းကျပ်ထားသည်။

တီကရစ်မြို့တွင် ကင်းလှည့်စောင့်ကြပ်နေသော အီရတ် အရပ်ဘက် ကာကွယ်ရေးတပ်ဖွဲ့ဝင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

## သံမဏိပြားများ တပ်ဆင်

လမ်းဘေးဗုံးထောင်မှုများနှင့် ချောင်းမြောင်း ပစ်ခတ်ခံရမှု ဘေးအန္တရာယ်များမှ ကာကွယ်နိုင်ရန် အမေရိကန် စစ်ဘက်ဆိုင်ရာ ထရပ်ကားများတွင် သံမဏိပြားများ တပ်ဆင်ထားသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

# အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်အားတွေ့ခွင့်ပေးရန် အမေရိကန်တို့ထံ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ တောင်းဆိုထား

**ဂျီနီဗာ ဒီဇင်ဘာ ၃၁**

**အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့ (အိုင်စီအာစီ)သည် အမေရိကန်ဦးဆောင်သော သိမ်းပိုက်ရေးတပ်ဖွဲ့ များက ဖမ်းဆီးထားသည့် အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်နှင့်တွေ့ခွင့်ရရှိရန် တောင်းဆိုထားသည်ဟု အေအက်ဖ်ပီသတင်းဌာနက ဖော်ပြသည်။**

ဂျီနီဗာသဘောတူညီချက်အရ အိုင်စီအာစီအဖွဲ့သည် ဖမ်းဆီးထိန်းသိမ်းခံထားရသော မည်သည့် စစ်အကျဉ်းသား သို့မဟုတ် အရပ်သားထံသို့မဆို သွားရောက် တွေ့ဆုံပိုင်ခွင့်ရှိကြောင်း ဖလော်ရီရင့်ဝက်စဖာလ်က ပြောကြားသည်။ ၎င်းသည် အိုင်စီအာစီအဖွဲ့၏ ပြောရေးဆိုခွင့်ရှိသူဖြစ်သည်။

### ထိတွေ့ဆက်ဆံမှုရှိ

ကျွန်ုပ်တို့သည် အီရတ်ရှိ စစ်အကျဉ်းသားများနှင့် အခြားထိန်းသိမ်းထားသူများနှင့် ပတ်သက်ပြီး အမေရိကန်တို့နှင့် ထိတွေ့ဆက်ဆံမှုများ ရှိနေပါ သည်။ ထိုဆက်ဆံမှုများတွင် ဆက်ဒမ် ဟူစိန်နှင့် တွေ့ဆုံခွင့်ရရှိရေးကိစ္စလည်းပါဝင်သည်ဟု ဝက်စဖာလ်က အေအက်ဖ်ပီ သတင်းဌာနသို့ ပြောကြားခဲ့သည်။

### တွေ့ဆုံပိုင်ခွင့်ရထိုက်

ဆက်ဒမ်ဟူစိန်သည်လည်း ဂျီနီဗာသဘောတူညီချက်အရ အခြားအထိန်းသိမ်းခံများနည်းတူ အိုင်စီအာစီ အဖွဲ့၏ သွားရောက် တွေ့ဆုံပိုင်ခွင့်ရရှိထိုက်သူ တစ်ဦးဖြစ်ကြောင်း ၎င်းကဆက်လက် ပြောကြားခဲ့သည်။

### တောင်းဆို

အိုင်စီအာစီအဖွဲ့ကို နိုင်ငံတကာက ဂျီနီဗာ သဘောတူညီချက်များကို ကြီးကြပ်ထိန်းသိမ်း စောင့်ရှောက်သော အဖွဲ့အဖြစ် လက်ခံထားကြသည်။ ဆက်ဒမ်ဟူစိန်ကို ဒီဇင်ဘာ ၁၃ ရက်က ဖမ်းမိချိန်မှစ၍ တွေ့ရှိခွင့်ရရန် အိုင်စီအာစီအဖွဲ့က တောင်းဆိုထားကြောင်း သိရှိရသည်။

### သတ်မှတ်ချက်မထား

အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့သည် ဂျီနီဗာသဘောတူညီမှုအရ သတ်မှတ်ချက်တွင် ပါရှိသော လုပ်ရိုးလုပ်စဉ်များအတိုင်းသာ လုပ်ဆောင်နေခြင်းဖြစ်သည်။ တွေ့ဆုံခွင့်တောင်းရာ၌ မည်သည့်နေ့ရက်တွင် တွေ့ဆုံခွင့်ပေးရမည်ဟု သတ်မှတ်ချက်မထားခဲ့ကြောင်း ဝက်စဖာလ်းက ပြောကြားသွားသည်။

### မှတ်ယူ

အိုင်စီအာစီအဖွဲ့က ဆက်ဒမ်ဟူစိန်သည် စစ်အကျဉ်းသားတစ်ဦးဖြစ်သည်ဟု မှတ်ယူပြီး ဂျီနီဗာသဘောတူညီချက်နှင့်အညီ လုပ်ဆောင်နေခြင်းသာဖြစ်သည်။

### တားမြစ်

ထိုသဘောတူညီချက် အရဆိုလျှင် စစ်အကျဉ်းသားတစ်ဦးသည် အပြစ်ချမှတ်ခြင်းခံရသူသည် အဖမ်းခံရပြီးနောက် ၎င်း၏အမည်၊ ရာထူးနှင့် မွေးနေ့သက္ကရာဇ်တို့ကိုသာ ပေးရမည်ဖြစ်သည်။ အကျဉ်းသားထံက သတင်းပေးရန် ငြင်းဆိုသောအခါ ၎င်းထံမှ သတင်းများရယူရန်အတွက် ကိုယ်စိတ်နှစ်ပါးကို ညှဉ်းပန်းခြင်း မပြုရန် အတင်းအကျပ် ခြိမ်းခြောက်ခြင်းမပြုရန်၊ အခြားနည်း အဓမ္မလုပ်ခြင်းမပြုပါရန် ဂျီနီဗာသဘောတူညီချက်က တားမြစ်ထားသည်ဟုဆိုသည်။

***အင်တာနက်။***

**ဘဂ္ဂဒက်မြို့ စားသောက်ဆိုင်တစ်ဆိုင်၏ အပြင်ဘက်တွင် ဗုံးပေါက်ကွဲမှုကြောင့် ပျက်စီးသွားသော ကားတစ်စီးကို စစ်ဆေးကြည့်ရှုနေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား ဇန်နဝါရီ၁ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်။)*

# အမေရိကန်တပ်ဖွဲ့ဝင်များအတွက် တီကရစ်မြို့တွင် အန္တရာယ်ကြီးမားနေဆဲ ဟုဆို

**တီကရစ် ဒီဇင်ဘာ ၃၁**

မြူနှင်းများ ကျနေခိုက်တွင် အမေရိကန် တပ်ဖွဲ့ဝင်ခုနစ်ဦးတို့သည် ရွှံ့များပေါများသည့် အိမ်ငယ်ကလေးများကြားတွင် တဖြည်းဖြည်းချင်း လျှောက်လှမ်းသွားကြသည်။

ကင်းလှည့်နေသည့် အမေရိကန် တပ်ဖွဲ့ဝင်တို့အဖို့ တွေ့ရှိသည့် ကလေးများက မနှစ်သက်သလို မော်တော်ကားဖြင့် ဖြတ်မောင်းသွားသော အီရတ်အမျိုးသားများကလည်း မျက်နှာကြောတင်းတင်းဖြင့် ကြည့်သွားကြသည်။

အမေရိကန် တပ်ဖွဲ့ဝင်များသည် နေ့စဉ်ကင်းလှည့်ကာ ယခုတိုင်ရှောင်တိမ်းလွတ်မြောက်နေသေးသည့် ခုခံတွန်းလှန်ရေးသမားများကို ချေမှုန်းရန်ရှာနေသည်။ ဆက်ဒမ်ဟူစိန်ကို ဖမ်းမိထားသော်လည်း တီကရစ်မြို့သည် အမေရိကန်တပ်ဖွဲ့ဝင်များအဖို့ အန္တရာယ်ကြီးမားဆဲပင် ဖြစ်သည်။

ရံဖန်ရံခါ ခုခံတွန်းလှန်ရေးသမားများက အမေရိကန်တပ်ဖွဲ့ဝင်များကို စိန်ပြောင်းများဖြင့် ပစ်ခတ်တိုက်ခိုက်သည်။ ပို၍ကြောက်စရာကောင်းသည်မှာ လမ်းဘေးဗုံးထောင်တိုက်ခိုက်ခြင်းဖြစ်သည်။

တီကရစ်မြို့၏ အမှတ်(၁) အဝေးပြေးလမ်းမကြီး တစ်လျှောက်တွင် ဗုံးများထောင်ထားသည်။ အချို့ဗုံးများကို အညစ်အကြေးများ ဖုံးပြီးထောင်ထားကာ အချို့နေရာတွင် တိရစ္ဆာန်သေများ အတွင်းဗိုက်ခွဲသွင်းထည့်ထားသည်။ အချို့ဗုံးများမှာ စကြံဘောင်နှင့် လိုက်ဖက်အောင် အဖြူနှင့်အဝါအစင်းကြောင်းများ သုတ်လိမ်းပြီး ဗုံးထောင်ထားသည်။

အီရတ်နိုင်ငံ၏ အနာဂတ်ရေးမှာ မသေမချာဖြစ်နေသည်။ အလုပ်သမားများ အသတ်ခံရသည်။ အလုပ်လက်မဲ့ဖြစ်ကြရသည်။ နေ့စဉ်စိတ်ပျက်ဖွယ်များနှင့် ကြုံတွေ့ရသည်။ ဓာတ်ဆီမလုံလောက်မှု၊ လျှပ်စစ်ဓာတ်အားဖြတ်တောက်မှုများ ကြုံတွေ့ရသည်။

***အင်တာနက်။***

# အမေရိကန်စစ်ယာဉ်တန်း မောင်းနှင်စဉ် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲ၍ အီရတ်တစ်ဦးသေဆုံး

**ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁**

အမေရိကန်စစ်ဘက်မော်တော်ယာဉ်တန်းတစ်ခု ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းဒေသမှ မောင်းနှင်လာရာ ကာရာဒါတွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီး အီရတ်တစ်ဦးထက်မနည်း သေဆုံးသွားကြောင်းဖြင့် မျက်မြင်တွေ့ရှိသူများနှင့် အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

လူဦးရေထူထပ်သည့် ကာရာဒါခရိုင်တွင် ဖြစ်ပွားသည့် အဆိုပါ ပေါက်ကွဲမှုတွင် အမေရိကန်တပ်ဖွဲ့ဝင်များ သေဆုံးမှု သို့မဟုတ် ဒဏ်ရာရရှိမှုမရှိကြောင်း အီရတ်ရဲတပ်ဖွဲ့က ပြောကြားသည်။

အီရတ်တစ်ဦး ယင်းပေါက်ကွဲမှုကြောင့် သေဆုံးပြီး အခြားတစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်းဖြင့် ကနဦးသတင်းများအရ သိရသည်။ ယင်းပေါက်ကွဲမှုကြောင့် အနီးအပါးရှိ ဆိုင်အများစုနှင့် ကုန်စုံဆိုင်များ ပျက်စီးသွားသည်။

အီရတ်နိုင်ငံသားများသည် အမျိုးမျိုးသော တိုက်ခိုက်တွန်းလှန်မှုများတွင် ကြိမ်ဖန်များစွာ ပါဝင်သည်ဟု အပြောအဆိုခံရလျက်ရှိပြီး ယင်းတိုက်ခိုက်မှုများသည် အမေရိကန်ဦးဆောင်သည့် အပေါင်းပါတပ်ဖွဲ့များအား ပစ်မှတ်ထားနေခြင်းဖြစ်သည်ဟု ယူဆနေကြသည်။

အဆိုပါ ဒေသတွင်ပင် လမ်းဘေးထောင်ဗုံး တစ်လုံးပေါက်ကွဲမှုကြောင့် အမေရိကန်ကင်းလှည့်တပ်ဖွဲ့ဝင် တစ်ဦးနှင့် အီရတ်ကလေးငယ် နှစ်ဦး တနင်္ဂနွေနေ့က သေဆုံးခဲ့သည်။

အမေရိကန်တပ်ဖွဲ့ဝင်များက အီရတ်ခေါင်းဆောင်ဟောင်း ဆက်ဒမ်ဟူစိန်အား ဒီဇင်ဘာ ၁၃ ရက်က ဖမ်းမိပြီးကတည်းက ပစ်ခတ်တိုက်ခိုက်မှုကြောင့် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် စုစုပေါင်း ၁၂ ဦး ရှိပြီဖြစ်သည်။

အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အီရတ်နိုင်ငံအား မတ်လက ထိုစစ်ဆင်နွှဲပြီးကတည်းက အမေရိကန်တပ်ဖွဲ့ဝင် ၃၂၇ ဦးသည် တိုက်ခိုက်မှုများကြောင့် သေဆုံးခဲ့ရကြောင်း အမေရိကန် ကာကွယ်ရေးဌာနက ပြောကြားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

**အီရတ်နိုင်ငံ ကာဘာလာမြို့တွင် အသေခံဗုံးဖောက်ခွဲမှုကြောင့် ဖြစ်ပေါ်ခဲ့သော ချိုင့်ခွက်ကြီးကို အီရတ်ရဲတပ်ဖွဲ့ဝင်များ စစ်ဆေးနေစဉ်။**

*(ဓာတ်ပုံ-အင်တာနက်။)*

# အီရန်မြေငလျင် အမေရိကန်အကူအညီပေးမှု ကြိုဆို နှစ်နိုင်ငံအကြား ဆက်ဆံရေးကို ပြောင်းလဲစေမည်မဟုတ်ဟုဆို

**ကာမန်(အီရန်) ဒီဇင်ဘာ ၃၁**

အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံမှ မြေငလျင်ဒုက္ခသည်များအတွက် အကူအညီပေးမှုကို လက်ကမ်းကြိုဆိုကြောင်း၊ သို့ရာတွင် ၂၅ နှစ်နီးပါး အဆက်အသွယ်ဖြတ်တောက်နေခဲ့သည့် နိုင်ငံနှစ်နိုင်ငံအကြား ဆက်ဆံရေးအခြေအနေကို ပြောင်းလဲစေနိုင်မည်မဟုတ်ကြောင်း၊ အီရန်သမ္မတ ခါတာမီက အင်္ဂါနေ့တွင် ပြောကြားလိုက်သည်။

ယင်းအကူအညီပေးမှု ကိစ္စကြောင့် အမေရိကန်ပြည်ထောင်စုနှင့် ဆက်ဆံရေးကို ပြောင်းလဲနိုင်မည်ဟု မိမိမထင်မြင်မိကြောင်းဖြင့် ခါတာမီက အီရန်အရှေ့တောင်ပိုင်း ကာမန်ပြည်နယ် မြို့တော်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ယင်းပြည်နယ်တွင် သောကြာနေ့က ငလျင်လှုပ်၍ လူ ၃၀၀၀၀ အထိ သေဆုံးခဲ့ကြောင်း တာဝန်ရှိပုဂ္ဂိုလ်များက ပြောကြားသည်။

အီရန်နိုင်ငံသည် မကြာမီကာလအတွင်းက အလားအလာကောင်းသည့် လုပ်ရပ်များ ဖော်ဆောင်ခဲ့ပြီးသည့်နောက် အမေရိကန်ပြည်ထောင်စုက အီရန်နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှု ဆက်လက်ထိန်းသိမ်းရေးအတွက် လမ်းဖွင့်ပေးထားကြောင်း ဝါရှင်တန်ပို့စ်သတင်းစာနှင့် တွေ့ဆုံဆွေးနွေးရာတွင် အမေရိကန်နိုင်ငံခြားရေး ဝန်ကြီး ကောလင်ပါဝဲလ်က ပြောကြားခဲ့သည်။

အီရန်နိုင်ငံက မြေငလျင်ခံစားရသည့် ဒုက္ခသည်များအတွက် အမေရိကန်ပြည်ထောင်စု၏ ငွေကြေးအကူအညီကို လိုလိုလားလား လက်ခံခဲ့မှုကို ပါဝဲလ်က ရည်ညွှန်းပြောကြားခြင်းဖြစ်ပြီး နှစ်ပေါင်း ၂၀ ကျော်အတွင်း ပထမဆုံးအကြိမ်အဖြစ် အမေရိကန်စစ်ဘက်လေယာဉ်များ အီရန်နိုင်ငံတွင် ဆင်းသက်ရန် လမ်းပွင့်သွားခဲ့သည်။

***အမ်အင်အေ၊ရိုက်တာ။***

# ခုခံရေးသမားများက တစ်နေရာတည်း၌ သုံးရက်အတွင်း နှစ်ကြိမ်တိုက်ခိုက် အမေရိကန်နှင့် အပေါင်းပါများက တိုးမြှင့်စစ်ဆင်

ဘဂ္ဂဒက်　ဒီဇင်ဘာ　၃၁

**ဘဂ္ဂဒက်မြို့တော်ရှိ လူစည်းကားရာ ဈေးရပ်ကွက်တစ်ခုတွင် ယမန်နေ့က ခုခံရေးသမားပြောက်ကျားများသည် အမေရိကန်စစ်ကားများ ဖြတ်သန်းသွားစဉ် ဗုံးတစ်လုံးဖောက်ခွဲပြီး တိုက်ခိုက်ခဲ့ကြသည်။ ထိုဖြစ်ရပ်ကြောင့် အီရတ်အရပ်သားတစ်ဦး သေဆုံးသွားပြီး အများအပြား ဒဏ်ရာရရှိသွားကြသည်။**

### တိုက်ခိုက်ခံရ

အမေရိကန်ခေါင်းဆောင်သော ကျူးကျော်ရေးတပ်များက ခုခံရေးသမားများကို နှိမ်နင်းရန် နိုင်ငံအနှံ့စစ်ဆင်ရေးများ ဆင်နွှဲနေစဉ် ယခုကဲ့သို့ ဗုံးခွဲတိုက်ခိုက်ခံရခြင်းဖြစ်သည်။

အဆိုပါ နှိမ်နင်းရေးစစ်ဆင်မှုများအတွင်း သင်္ကာမကင်းသူ ၁၀၀ ကျော်ကိုဖမ်းဆီးထားလိုက်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူ ဗိုလ်မှူးချုပ်မတ်ကင်းမစ်က ပြောကြားသည်။ ကာရာဒါဈေးရပ်ကွက်တွင် ယခုဖြစ်ပွားသော တိုက်ခိုက်မှုသည် အမေရိကန်တပ်များ သုံးရက်အတွင်း ဒုတိယအကြိမ် အတိုက်ခိုက်ခံရခြင်းဖြစ်သည်ဟုဆိုသည်။

တနင်္ဂနွေနေ့ကလည်း ထိုအရပ်၌ပင် ဗုံးကွဲခဲ့သေးသည့်အတွက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်ကလေးနှစ်ဦးတို့ သေဆုံးသွားခဲ့ရသည်။

### ပိုမိုထူပြောလာ

ဗုံးမှာ လမ်းဘေးစက္ကူဆီက ပေါက်ကွဲသွားခြင်းဖြစ်သည်။ မြို့တော်တစ်ခွင်တွင် နှစ်သစ်ကူး အခါသမယ၌ တိုက်ခိုက်မှုများ ပိုမိုထူပြောလာလိမ့်မည်ဆိုသောစိတ်ဖြင့် ကြောင့်ကြသောက ပွားလျက်ရှိကြသည်။

အမေရိကန်ဦးဆောင်သော တပ်များသည် တိုက်ကင်းများကိုလည်း ယခင်ကထက် ပိုမိုလှည့်နေရပြီး တပ်ဖွဲ့ဝင်များနှင့်ဝန်ထမ်းများကိုသတိဝီရိယရှိကြရန် နှိုးဆော်ထားသည်ဟုဆိုသည်။

### ပေါက်ကွဲ

ကာရာဒါဈေးရပ်ကွက်တွင် ယခုပေါက်ကွဲသွားသော ဗုံးမှာ ကျောင်းချိန်၊ အလုပ်ချိန်နှင့် ဈေးဆိုင်များဖွင့်ချိန်တွင် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### ရည်ရွယ်

ပေါက်ကွဲသွားသောဗုံးမှာလမ်းပေါ်မှ ဖြတ်သွားသော အမေရိကန်စစ်ယာဉ်နှစ်စီးကို ရည်ရွယ်၍ထောင်ထားခြင်းဖြစ်ကြောင်း မျက်မြင်သက်သေများက ပြောကြားကြသည်။

***အင်တာနက်။***

### ကင်းလှည့်

**ဒီဇင်ဘာ ၂၉ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ ဆင်ခြေဖုံးဒေသ၌ စက်သေနတ်တစ်လက်ဖြင့် ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးအား တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## နိုင်ငံတကာသတင်းများ

**ဇန်နဝါရီ ၁ ရက်က ဘဂ္ဂဒက်မြို့ စားသောက်ဆိုင် အပြင်ဘက်တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဖြစ်ရသည့် ချိုင့်ခွက်ကြီး အနီး၌ ရပ်ကြည့်နေသည့် အီရတ်နိုင်ငံသားများအား တွေ့ရစဉ်။** *(ဓာတ်ပုံ-အင်တာနက်)*

# အီရတ်ရေနံလုပ်ငန်း ကန်ထရိုက်လေလံ ရုရှားနှင့် ပြင်သစ်ကုမ္ပဏီများအား ယှဉ်ပြိုင်ခွင့်ပြုမည်

ဘဂ္ဂဒက်　ဒီဇင်ဘာ　၃၁

**အမေရိကန်လိုလားသည့်အဖွဲ့ဝင်များအား ဆန့်ကျင်လျက်ရှိနေကြသော်လည်း အီရတ်ရေနံ ထုတ်ပေးရေးဆိုင်ရာ ကန်ထရိုက်လုပ်ငန်းအတွက် လေလံဆွဲရာတွင် အီရတ်အုပ်ချုပ်ရေးကောင်စီက ရုရှားနှင့် ပြင်သစ်ကုမ္ပဏီများအား ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ကြောင်း အီရတ်နိုင်ငံရေးသမားတစ်ဦးက အင်္ဂါနေ့တွင် ပြောကြားသည်။**

ရုရှားနှင့်ပြင်သစ်နိုင်ငံတို့အနေဖြင့် ဆက်ဒမ်ဟူစိန်အား ရာထူးမှဖယ်ရှားလိုက်သော အမေရိကန်ဦးဆောင်သော စစ်ပွဲအား ဆန့်ကျင်ခဲ့သော်လည်း တည်ဆောက်မှု ဘေးဖယ်ထားသည်ကို စိုးရိမ်မှုမရှိစေရန် အီရတ်အုပ်ချုပ်ရေးကောင်စီကိုယ်စားလှယ်အဖွဲ့က ပြောကြားခဲ့ကြကြောင်း အီရတ်နိုင်ငံဆိုင်ရာ အစ္စလမ္မစ်တော်လှန်ရေးကောင်စီချုပ် (အက်စ်စီအိုင်အာအိုင်)ဖြစ်သည့် ရှီးယားအစ္စလမ္မစ်အုပ်စုမှ ထိပ်တန်းတာဝန်ရှိပုဂ္ဂိုလ် အယ်လ်ဘာယာတီက ပြောကြားသည်။ ရုရှားနိုင်ငံမှ လုအွိုင်ကုမ္ပဏီနှင့် သမ္မတဆက်ဒမ်ဟူစိန်တို့ ၁၉၉၇ ခုနှစ်က ချုပ်ဆိုခဲ့သည့် အမေရိကန် ဒေါ်လာ ၃ ဒသမ ၈ ဘီလျံတန်ဖိုးရှိ စာချုပ်ကိုလည်း အီရတ်နိုင်ငံက လိုက်နာလေးစားမည်ဖြစ်ကြောင်း ဘာယာတီက ပြောကြားသည်။ ရုရှားနှင့်ပြင်သစ်နိုင်ငံတို့အား ရေနံလုပ်ငန်းကဏ္ဍ အပါအဝင် အီရတ်နိုင်ငံ၏ အချုပ်အခြာအာဏာပိုင်စိုးရေးကို ဆက်လက်ထိန်းသိမ်းရေးတွင် ပါဝင်ဆောင်ရွက်ရန် မိမိတို့ တိုက်တွန်းပါကြောင်း၊ ယင်းနိုင်ငံများအား အီရတ်နိုင်ငံကိစ္စနှင့် တသီးတခြား ခွဲခြားမထားလိုကြောင်း ဘာယာတီက ရိုက်တာ သတင်းဌာနသို့ ပြောကြားသည်။

ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် တွေ့ဆုံခဲ့သည့် အဆိုပါကိုယ်စားလှယ်အဖွဲ့တွင် အက်စ်စီအိုင်အာအိုင်အကြီးအကဲ အယ်လ်ဟာခင်လည်း ပါဝင်သည်။ အယ်လ်ဟာခင်က အစ္စလမ္မစ်အချို့နှင့် အီရတ် အုပ်ချုပ်ရေးကောင်စီဝင်များနှင့်အတူ ပြင်သစ်၊ ရုရှားတို့နှင့် ဆက်ဆံရေး ခိုင်မာတောင့်တင်းစေရန် ရည်သန်လျက်ရှိပြီး အမေရိကန် ပြည်ထောင်စုနှင့် ၎င်း၏အပေါင်းပါများအပေါ် မှီခိုမှုနည်းရန် ဆန္ဒရှိသည်။

***အမ်အင်အေ၊ရိုက်တာ။***

## အီရတ်နိုင်ငံတွင် လုံခြုံရေးအခြေအနေ မတည်ငြိမ်

**ဘဂ္ဂဒက် ဒီဇင်ဘာ ၃၁**

အီရတ်နိုင်ငံတွင် လုံခြုံရေး အခြေအနေ မတည်ငြိမ်မှုများကြောင့် အီရတ်ပြည်သူများအနေဖြင့် အသက်အိုးအိမ်လုံခြုံမှုမရှိသဖြင့် ဒေါသထွက်နေကြကြောင်း သိရသည်။ ယမန်နေ့က ဘဂ္ဂဒက်မြို့တော်၏ အလယ်ပိုင်း စီးပွားရေး အချက်အချာဒေသတွင် လမ်းဘေးဗုံးတစ်လုံးပေါက်ကွဲခဲ့ရာ အီရတ်လူမျိုးတစ်ဦး သေဆုံးခဲ့ပြီး အနည်းဆုံးနှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ ဘဂ္ဂဒက်နှင့် မြို့ကြီးများတွင် အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့များအား တိုက်ခိုက်မှုများ အမြဲမပြတ်ဖြစ်ပွားနေရာ လမ်းဘေးဗုံးထောင်တိုက်ခိုက်ခြင်းလည်း ပါဝင်သည်။

***အင်တာနက်။***

## နှစ်သစ်ကူးကာလ မြို့တော်ဘဂ္ဂဒက် လုံခြုံရေး အီရတ်ရဲတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့များ စီမံထား

**ဘဂ္ဂဒက်　ဒီဇင်ဘာ　၃၁**

နှစ်သစ်ကူးရုံးပိတ်ရက်တွင် ခုခံတွန်းလှန်ရေး အင်အားစုများက အရှိန်မြှင့် တိုက်ခိုက်လာနိုင်သည့်အတွက် အီရတ်တွင် အမေရိကန်ဦးဆောင်သည့်တပ်များက လုံခြုံရေး အသင့်ပြင်ထားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် ကားတန်းကို လမ်းဘေး ဗုံးထောင်တိုက်ခိုက်မှုများ ပြုလုပ်ပြီးနောက် နှစ်သစ်ကူးရုံးပိတ်ရက်တွင် ခုခံတွန်းလှန်သူများက တိုက်ခိုက်လာနိုင်သည့်အတွက် မြို့တော်ဘဂ္ဂဒက်တွင် လုံခြုံရေးပိုချထားကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် အမေရိကန်တပ်ဖွဲ့ဝင်များက ပြောဆိုသည်။

အီရတ်နိုင်ငံအတွင်း ကျူးကျော်ဝင်ရောက်ပြီး ကိုးလအကြာနှင့် ဆက်ဒမ်ဟူစိန်အား ဒီဇင်ဘာ ၁၃ ရက်က ဖမ်းမိပြီးသော်လည်း ခုခံတွန်းလှန်ရေး အင်အားစုများနှင့် အမေရိကန်တပ်ဖွဲ့ဝင်များသည် ဆက်လက် တိုက်ပွဲဝင်လျက်ရှိသည်။

ရဲတပ်ဖွဲ့က ပိုမိုကင်းလှည့်ပြီး စစ်ဆေးရေးဂိတ်များ ပိုဖွင့်ကာ မြို့တော်တစ်ခွင်တွင် လုံခြုံရေးစစ်ဆင်မှုများ တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ကြောင်း မြို့တော်ရဲတပ်ဖွဲ့ အကြီးအကဲ အူဘေဒီက အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားလိုက်သည်။ ရဲအရာရှိ ၁၁၀၀၀ ကိုလည်း မြို့တော်အတွင်း ဖြန့်ကြက်ချထားကြောင်း ၎င်းက ထည့်သွင်းပြောဆိုသည်။

ဘဂ္ဂဒက်မြို့တွင် အင်္ဂါနေ့က အမေရိကန်တပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါသည့် ယာဉ်တန်း ဗုံးထောင်တိုက်ခိုက်ခံရသည့်အတွက် အီရတ်တစ်ဦး သေဆုံးပြီး သုံးဦးဒဏ်ရာရသွားသည်ဟု သိရသည်။

***အင်တာနက်။***

## အပြည်ပြည်ဆိုင်ရာလေဆိပ်သစ် ဗီယက်နမ်တည်ဆောက်မည်

**ဟန္နိုင်　ဒီဇင်ဘာ　၃၁**

ဗီယက်နမ်နိုင်ငံသည် နိုင်ငံတောင်ပိုင်း ဒွန်နိုင်ပြည်နယ်တွင် အပြည်ပြည်ဆိုင်ရာလေဆိပ်ကို အမေရိကန် ဒေါ်လာ ၃ ဒသမ ၈ ဘီလျံမှ ၄ ဒသမ ၅ ဘီလျံအကြား အကုန်အကျခံကာ ၂၀၀၇ ခုနှစ်တွင် စတင်တည်ဆောက်မည်ဖြစ်သည်။ ဒွန်နိုင်ပြည်နယ် လွန်သန်မြို့တွင် ဟက်တာ ၅၀၀၀ ကျယ်ဝန်းပြီး လေယာဉ်ပြေးလမ်းလေးခုပါဝင်မည့် လေဆိပ်သစ်သည် နှစ်စဉ် ခရီးသည် ၇၅ သန်းကို ပို့ဆောင်ပေးလိမ့်မည်ဟု မျှော်လင့်ရကြောင်း ဗီယက်နမ်နိုင်ငံထုတ် လူငယ်သတင်းစာက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။ ပထမဆုံး လေယာဉ်ပြေးလမ်းသည် ၂၀၁၁ ခုနှစ်တွင် လုပ်ငန်းလည်ပတ်မည်ဖြစ်သည်။ ဗီယက်နမ်နိုင်ငံသည် လက်ရှိလေဆိပ်နှစ်ခုကို အပြည်ပြည်ဆိုင်ရာ လေဆိပ်များအဖြစ် အဆင့်အတန်း တိုးမြှင့်ရန်နှင့် ပြည်တွင်းပျံသန်းသည့် လေဆိပ်နှစ်ခုတို့ကိုလည်း လာမည့်အနှစ် ၂၀ အတွင်း တည်ဆောက်ရန်လည်း စီစဉ်ထားသည်။

***အမ်အင်အေ၊ဆင်ဟွာ။***

# မြို့ပြဒေသတွေထက်သာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

### မိန့်ခွန်းပြောကြား

**တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော် ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။** (သတင်းစဉ်)

နေထိုင်နိုင်ပြီး လွတ်လပ်စွာ ဝမ်းစာစီးပွား ရှာဖွေစားသောက်နိုင်အောင် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးအတွက် ဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် ပြည်သူတွေရဲ့ တစ်ဦးချင်းဝင်ငွေဟာ တစ်နှစ်ထက်တစ်နှစ်မြင့်မားပြီး နိုင်ငံ့စီးပွားတိုးတက်ဖို့လည်း ဆောင်ရွက်နေတယ်။ တစ်မျိုးသားလုံး အသားတင်ထုတ်လုပ်မှုနဲ့ ဝန်ဆောင်မှု တန်ဖိုးဟာ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာတာနဲ့အမျှ ပြည်သူတွေ အသက်ရှည် ကျန်းမာဖို့၊ ပညာရည်မြင့်မားဖို့နဲ့ လူနေမှုဘဝမြင့်မားဖို့အတွက် နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်ဆောင်ရွက်လျက်ရှိတယ်။ ဒါ့အပြင် လမ်းတံတား၊ ဆည်တမံတွေ အပါအဝင် ကဏ္ဍပေါင်းစုံက စီးပွားရေးနဲ့ လူမှုရေး အခြေခံအဆောက်အအုံတွေကို ဒေသတိုင်းမှာ လက်ညှိုးထိုးမလွဲအောင် တည်ဆောက်ပေးနေတာဟာ ပစ္စုပ္ပန်အတွက်သာမကဘဲ နောင်လာမယ့်မျိုးဆက်တွေအတွက်ပါ မျှော်မှန်းပြီးဆောင်ရွက်နေခြင်းဖြစ်တယ်။ ဒါဟာ ပြည်သူ့သားကောင်းများပီပီ ပြည်သူကို အလုပ်အကျွေးပြုနေခြင်းသာဖြစ်ကြောင်း ပြောကြားလိုတယ်။

☆ **ရှေ့ဖုံးမှ**

ဒါ့အပြင် ဒေသအလိုက် ထူးခြားတဲ့ ရောဂါလက္ခဏာတွေကို သုတေသနပြုကြရမယ်။ တို့နိုင်ငံကို ပြည်ပကဆရာဝန်တွေ လာရောက်ပြီး ပူးတွဲကုသကြခြင်းဟာ အတွေ့အကြုံကို လာယူနေကြခြင်းဖြစ်တယ်။ ဒါကြောင့် ရဲဘော်တို့ဟာလည်း နိုင်ငံတော်အတွင်း ရောက်လေရာဒေသတိုင်းမှာ အတွေ့အကြုံသစ်တွေကို စိတ်အားထက်သန်စွာရှာဖွေပြီး မှတ်တမ်းတင်ကြရမယ်။ ကုသမှုသက်သက်ကိုသာ မဆောင်ရွက်ဘဲ သုတေသနလုပ်ငန်းကို မှတ်တမ်းမှတ်ရာနဲ့ ဆောင်ရွက်ကြရမယ်။ ဒေသအလိုက် ကျန်းမာရေးအသိပညာ အတိုင်းအတာ၊ ဒေသရဲ့ လူမှုရေး၊ စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင်ကြောင့် ဖြစ်ပေါ်ဆဲဖြစ်ပေါ်လတ္တံ့သော ရောဂါဝေဒနာ၊ လိုအပ်နေတဲ့ ကာကွယ်စောင့်ရှောက်မှုစတဲ့ အချက်တွေဟာ အမျိုးသားကျန်းမာရေးကို အထောက်အကူပြုစေမှာဖြစ်တဲ့အတွက် အချက်အလက်တွေကို အမြော်အမြင်ရှိရှိနဲ့ စုဆောင်းကြရမယ်။

**ရဲဘော်တို့**

နိုင်ငံတော်ကာကွယ်ရေးအတွက် ရဲဘော်တို့ကို တပ်စုမှူးအဆင့် စစ်ပညာနဲ့ စစ်ဘက်ခေါင်းဆောင်မှုတွေ လေ့ကျင့်သင်ကြားပေးထားပြီးဖြစ်တယ်။ ဒါ့အပြင် စစ်ပညာနဲ့ပတ်သက်လို့ တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက်လေ့ကျင့်သွားကြရမယ်။ ဒါကြောင့် တပ်မတော်သားကောင်းပီသစွာ စစ်မြေပြင်အတွေ့အကြုံရင့်ကျက်အောင် ဖြည့်ဆည်းကြဖို့လိုအပ်တယ်။ ဒါ့အပြင် နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ကြမယ့် ရဲဘော်တို့ဟာ မျိုးချစ်စိတ်ဓာတ်ထက်သန်ပြီး ရဲဝံ့စွန့်စားတဲ့ စစ်ခေါင်းဆောင်တွေ ဖြစ်ကြရမယ်။

ခေါင်းဆောင်မှုနဲ့ပတ်သက်လာရင် နမူနာယူလောက်အောင် စံပြနေထိုင်လုပ်ကိုင်ခြင်းဟာ အဓိကဖြစ်တယ်။ လူအများရဲ့ နမူနာယူခြင်းခံရတာသည်ပင်လျှင် ခေါင်းဆောင်အဖြစ် တင်မြှောက်ခြင်းခံရတာတစ်မျိုးဖြစ်တယ်။ စစ်ဘက်လုပ်ငန်းတာဝန်ရဲ့သဘာဝဟာ တစ်ခုတည်းသော ရည်မှန်းချက်အတွက် ကိုယ်စီတာဝန်ရှိသူအားလုံးကို တစ်လုံးတစ်စည်းတည်းဖြစ်အောင် အချိန်ကိုက်ကြိုးကြပ်ကွပ်ကဲရခြင်းဖြစ်တယ်။ ဒါကြောင့် ခေါင်းဆောင်မှုကောင်းမှသာ ကြိုးကြပ်ကွပ်ကဲခြင်းဟာ ထိရောက်အောင်မြင်လိမ့်မယ်။ ခေါင်းဆောင်တစ်ယောက်ဟာ လက်အောက်ငယ်သားများရဲ့ ကြည်ညိုလေးစား၊ ယုံကြည်အားကိုးခြင်းကိုရရှိဖို့လိုတယ်။

လက်အောက်ခံတပ်ဖွဲ့ဝင်အားလုံးက တညီတညွတ်တည်း ကြည်ညိုလေးစားဖို့အတွက် ဖြောင့်မတ်မှန်ကန်ခြင်းနဲ့ သမာသမတ်ကျခြင်းဟာ အခြေခံဖြစ်တယ်။ ဒါ့အပြင် အနစ်နာခံလိုစိတ် ရှိရမယ်။ ရဲဘော်စိတ်နဲ့ မိဘသဖွယ်စိတ်ဓာတ်လည်း ရှိရမယ်။

လက်အောက်ခံတပ်ဖွဲ့ဝင်အားလုံးရဲ့ ယုံကြည်အားကိုးတဲ့ ခေါင်းဆောင်ဖြစ်ဖို့ဆိုရင် စိတ်ဓာတ်ကောင်းရမယ်။ စွမ်းရည်ရှိရမယ်။ သတ္တိဗျတ္တိရှိရမယ်။ စွန့်လွှတ်စွန့်စားရဲရမယ်။ ထိုးထွင်းတီထွင်ကြံဆ လုပ်ဆောင်တတ်ရမယ်။ ရည်မှန်းချက်တာဝန်ကို ထမ်းဆောင်ရာမှာ စေ့စပ်၊ သေချာ၊ ကျွမ်းကျင်မှုရှိပြီး တပ်မှူးကောင်းစိတ်ဓာတ်နဲ့ ရှေ့ကမားမားမတ်မတ် ဦးဆောင်ဦးရွက်ပြုနိုင်ရမယ်။

ဒီအချက်တွေဟာ အားလုံးသိပြီးသားဖြစ်လိမ့်မယ်။ သို့သော် သိရုံနဲ့မရဘဲ လက်တွေ့ကျင့်ကြံမှုရမှာဖြစ်တဲ့အတွက် ပြည့်ပြည့်ဝဝကျင့်ကြံနိုင်လေ ခေါင်းဆောင်မှုကောင်းလေဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

တို့တပ်မတော်ဟာ နိုင်ငံတော်ကြီးဖွံ့ဖြိုးတိုးတက်စေဖို့အတွက် နယ်စပ်ဒေသနဲ့ တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေး၊အထူးဒေသကြီး(၂၄)ခု ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ကွက်လပ်မကျန်ရလေအောင် အားသွန်ခွန်စိုက် လုပ်ကိုင်ဆောင်ရွက်လျက်ရှိတယ်။ ပြည်သူတွေ စိတ်အေးချမ်းသာ

**ရဲဘော်တို့**

ရဲဘော်တို့ကိုယ်တိုင်လည်း နိုင်ငံ့လူဦးရေရဲ့ ၇၀ ရာခိုင်နှုန်းကျော်ဖြစ်တဲ့ ကျေးလက်နေပြည်သူလူထုရဲ့ ကျန်းမာရေးကို စောင့်ရှောက်ကြဖို့မှာကြားလိုတယ်။ ဒီလိုစောင့်ရှောက်တဲ့အခါ လူနာရဲ့ရောဂါဝေဒနာ ကုသရေးတစ်ခုတည်းကိုသာမကဘဲ ဆက်စပ်နေတဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ သန့်ရှင်းတဲ့သောက်သုံးရေ ရရှိရေးနဲ့ လမ်းပန်းဆက်သွယ်မှုစတဲ့ ကဏ္ဍတွေကိုပါ ကြည့်ရှုပေးမှ ပြည့်စုံကျယ်ပြန့်တဲ့ လုံးဝဥဿုံ ပြုစုစောင့်ရှောက်မှုမျိုးဖြစ်လိမ့်မယ်။ ကျေးလက်ဒေသလုပ်ငန်းစဉ်(၅)ရပ်ဟာ အချင်းချင်းအပြန်အလှန် အထောက်အကူပြုနေတဲ့ လုပ်ငန်းစဉ်များဖြစ်ကြောင်း ပြောကြားလိုတယ်။

**ရဲဘော်တို့**

နိဂုံးချုပ်အနေနဲ့ ပြောရရင်–

- **သမားဇာနည် အောင်စစ်သည်ဆိုတဲ့အတိုင်း တပ်မတော် ဆေးဘက်ဆိုင်ရာတာဝန်တွေနဲ့ နိုင်ငံတော် ကာကွယ်ရေးတာဝန်တွေကို ထူးချွန်ထက်မြက်စွာ ထမ်းဆောင်ကြပါ၊**
- **ခေါင်းဆောင်ကောင်းများဖြစ်အောင် ကျင့်ကြံအားထုတ်ကြပါ၊**
- **နိုင်ငံတော်နဲ့ တပ်မတော်အတွက် အားထားလောက်တဲ့ ဆေးပညာရှင်များဖြစ်အောင် ကြိုးစားကြပါ၊**
- **နိုင်ငံတော်ကာကွယ်ရေးတာဝန်နဲ့ နိုင်ငံတော်တည်ဆောက်ရေးတာဝန်ကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်ကြပါ**လို့မှာကြားရင်း နိဂုံးချုပ်လိုက်ပါတယ်။

**တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တက်ရောက်ကြသူများအား တွေ့ရစဉ်။** (သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂-၁-၂၀၀၄ (သောကြာနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋက ဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၅ ၅။ ရိုးရာကျေးလက်ကစားနည်း
- ၈:၀၀ ၆။ ရုပ်သေးပြိုင်ပွဲ
- ၈:၁၅ ၇။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈:၃၀ ၈။ International News.
- ၈:၄၅ ၉။ English for Everyday Use.
- ၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
- ၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၃၀ ၃။ Practice in Reading.
- ၄:၄၅ ၄။ တေးဂီတအစီအစဉ်
- ၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၅:၁၅ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၅:၃၀ ၇။ တေးဂီတအစီအစဉ်
- ၅:၄၅ ၈။ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ၉။ နည်းစနစ်မှန်မှန်အားကစားအခြေခံ
- ၆:၁၅ ၁၀။ Discovery.
- ၆:၃၀ ၁၁။ ညနေခင်းသတင်း
- ၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ
- ၇:၀၅ ၁၃။ Milo Success in Soccer.
- ၇:၁၀ ၁၄။ (၅၆)နှစ်မြောက်လွတ်လပ်ရေးနေ့ဂုဏ်ပြုအစီအစဉ်
- ၇:၂၅ ၁၅။ တေးဂီတအစီအစဉ်
- ၇:၄၀ ၁၆။ **အချုပ်အခြာအာဏာ ခွန်ရည်ကြာခိုင်မာစေမှု ဒို့ရှေ့ရှုမျိုးချစ်စိတ်ဓာတ်"(အပိုင်း–၁)**
- ၈:၀၀ ၁၇။ ပြည်တွင်းသတင်း
- ၁၈။ နိုင်ငံတကာသတင်းများ
- ၁၉။ မိုးလေဝသအခြေအနေ
- ၂၀။ **မြန်မာရုပ်ရှင် "သူ့ကျွန်မခံပြီ"(အပိုင်း–၂) (ညွန့်ဝင်း၊နေအောင်၊ကျော်သူ၊ကျော်ရဲအောင်၊လွင်မိုး၊မေသန်းနု၊စံရားတင်၊ နန္ဒာလှိုင်) (ဒါရိုက်တာ–ကြည်စိုးထွန်း)**
- ၂၁။ နောက်တစ်နေ့အစီအစဉ်
- ၂၂။ အစီအစဉ်ပြီး၏။

# ၂၀၀၄ ခုနှစ် (၅၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေး ဦးတည်ချက်များ

- ✪ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး။
- ✪ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး။
- ✪ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံး တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး။
- ✪ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း၊ ပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊
- ✪ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာအကောင်အထည်ဖော် နိုင်ရေးအတွက် ပြည်ထောင်စု တိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး။

# စက်မှုစွမ်းအား ခေတ်ကျော်လွှား

## ဆုချီးမြှင့်

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅)သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားတွင် လေ့ကျင့်ထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ်(၂၉၁) ဗိုလ်လောင်းကျော်ကျော်အား ဆုချီးမြှင့်စဉ်။**

(သတင်းစဉ်)



## အားပေးစကား ပြောကြား

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားအပြီးတွင် ထူးချွန်ဆုရ ဗိုလ်လောင်းများနှင့် မိဘများအား တွေ့ဆုံ အားပေးစကား ပြောကြားစဉ်။**

(သတင်းစဉ်)

☆ **ကျောဖုံးမှ**

ဗိုလ်လောင်းအမှတ်(၃၁၄)ဗိုလ်လောင်းစိုးမင်းအောင်၊ လေ့ကျင့်ရေးထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ်(၂၉၁) ဗိုလ်လောင်းကျော်ကျော်၊ စာပေထူးချွန်ဆုရရှိသူ ဗိုလ်လောင်း အမှတ်(၃၁၄)ဗိုလ်လောင်းစိုးမင်းအောင်တို့အား ဆုများအသီးသီး ချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မိန့်ခွန်းပြောကြားသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် စစ်ရေးပြကွင်းမှ ပြန်လည်ထွက်ခွာသွားသည်။

စစ်ရေးပြ အခမ်းအနားအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် တပ်မတော်ဆေးတက္ကသိုလ် ပင်မစာသင်ဆောင်ရှိ ညှိနှိုင်းခန်းမဆောင်၌ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၅)မှ ထူးချွန်ဆုရ ဗိုလ်လောင်းနှစ်ဦးနှင့် ယင်းတို့၏မိဘများအား တွေ့ဆုံ၍ အားပေးစကား ပြောကြားသည်။

(သတင်းစဉ်)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

### ၂-၁-၂၀၀၄ (သောကြာနေ့)

**နံနက်ပိုင်း**

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနားဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၈:၁၅** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၈:၁၆** ၁၁။ ပြီးပါပြီ။

**ညပိုင်း**

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ လက်စွမ်းပြပဟန်ဂီတသံ
- **၄:၁၅** ၄။ နားဝင်ငြိမ့်စီးသီချင်းကြီး
- **၄:၂၀** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၃၀** ၆။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- **၄:၄၀** ၇။ မျိုးချစ်တပ်မတော်
- **၄:၅၀** ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
- **၅:၀၀** ၉။ အဝေးသင်ပညာရေးပို့ချမှုအစီအစဉ်
  (က)ဒုတိယနှစ် (သမိုင်း)
  (ခ)တတိယနှစ် (အင်္ဂလိပ်စာ)
- **၅:၃၀** ၁၀။ ပညာခေတ်
- **၅:၄၅** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း အချစ်လေပြည် (အပိုင်း-၂)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  - ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  - ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  - ၂၁။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
  - ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း သိုင်းညီနောင် အပိုင်း(၃၈)**
- ၀၀၀၀ ၂၃။ သင့်အတွက်မနက်ဖြန်
  - ၂၄။ အပိတ်နှုတ်ဆက်စကား
  - ၂၅။ ပြီးပါပြီ။

# သမိုင်းတစ်ခေတ် နိုင်ငံသစ်ဆီသို့

# တိုင်းရင်းသားပြည်သူတို့၏ စားဝတ်နေရေး ဖြည့်ဆည်းပေးမည့် စက်မှုလုပ်ငန်းများနှင့် စ

## (၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ ဂုဏ်ပြုဆောင်းပါး

'လက်မှုလယ်ယာမှ စက်မှုလယ်ယာ'သို့ ဟူသော ရည်မှန်းချက်ကို ယခုအခါလက်တွေ့ အကောင်အထည်ဖော်နိုင်ခဲ့ပြီ ဖြစ်သည်။ နိုင်ငံတော် အစိုးရသည် ပြည်ထောင်စုကြီး တစ်ဝန်းလုံး ဟန်ချက်ညီညီ အကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်ရေး နေ့မအား ညမနား ကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။ ထိုကြိုးပမ်းမှုများတွင် နယ်မြေဒေသ တည်ငြိမ် အေးချမ်းစေရေး၊ လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့်

**အမှတ်(၁)စက်မှုဝန်ကြီးဌာနလက်အောက်ရှိ စက္ကူစက်ရုံ ကုန်ထုတ်လုပ်မှု မြင်ကွင်းကို တွေ့ရစဉ်။**

ဒေသစီးပွား ဖွံ့ဖြိုးရေးတို့ကို အလေးအနက်ထားကာ တစ်နိုင်ငံလုံး ဖြန့်ကြက်ပြီး စီမံဆောင်ရွက်ပေးနေသည်။

ယခုအခါ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် လိုအပ်သော စီးပွားရေး၊ လူမှုရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံ အဆောက်အအုံ အများအပြားကို ထူထောင်ပြီးဖြစ်၍ စက်မှုကဏ္ဍ မှာလည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုး တိုးတက်ရန် အားမာန်ချီလျက်ရှိနေပြီ ဖြစ်သည်။

ယင်းအခြေအနေမျိုး ဖြစ်ထွန်းပေါ်ပေါက် လာသည်မှာ ဌာန ဆိုင်ရာများ၊ပုဂ္ဂလိကစက်မှု လုပ်ငန်းရှင်များနှင့် ပြည်သူများက သူ့တာ ကိုယ့်တာ မခွဲခြားဘဲ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် ခဲ့ခြင်းကြောင့် ဖြစ်သည်။ နိုင်ငံတော်က စက်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာရေး အတွက် အလားအလာရှိသော နယ်မြေဒေသအလိုက် ပုဂ္ဂလိကစက်မှု လုပ်ငန်းများကို စုစည်းပြီး စက်မှု ဇုန် ၁၈ ဇုန် ထူထောင်ပေးခဲ့သည်။ ပြည်နယ်တိုင်း အလိုက် ဖွဲ့စည်းထူထောင်ထားသော စက်မှုဇုန် (၁၈) ဇုန်မှာ ရန်ကုန်တိုင်းတွင် ရန်ကုန်အရှေ့ပိုင်း စက်မှုဇုန်၊ ရန်ကုန် အနောက်ပိုင်းစက်မှုဇုန်၊ ရန်ကုန်မြောက်ပိုင်း စက်မှုဇုန်နှင့် ရန်ကုန် တောင်ပိုင်း စက်မှုဇုန်၊ မန္တလေးတိုင်းတွင် မန္တလေး စက်မှုဇုန်၊ မြင်းခြံ စက်မှုဇုန်နှင့် မိတ္ထီလာစက်မှုဇုန်၊ မကွေးတိုင်းတွင် ရေနံချောင်းစက်မှုဇုန်နှင့် ပခုက္ကူစက်မှုဇုန်၊ ပဲခူးတိုင်းတွင် ပဲခူးစက်မှုဇုန်နှင့် ပြည် စက်မှုဇုန်၊ ဧရာဝတီတိုင်းတွင် ပုသိမ်စက်မှုဇုန်၊ မြောင်းမြ စက်မှုဇုန်နှင့် ဟင်္သာတစက်မှုဇုန်၊ စစ်ကိုင်းတိုင်းတွင် မုံရွာ စက်မှုဇုန်၊ မွန်ပြည်နယ်တွင် မော်လမြိုင် စက်မှုဇုန်၊ တနင်္သာရီတိုင်းတွင် မြိတ်စက်မှုဇုန်နှင့် ရှမ်းပြည်နယ် တွင် အေးသာယာစက်မှုဇုန်တို့ ဖြစ်ကြသည်။ စက်မှုဇုန်များတွင်

**ဧရာဝတီတိုင်း ပုသိမ်မြို့ စက်မှုရပ်ကွက် (စီးပွားရေးဇုန်)ရှိ ရောစွမ်းအား စပါးခွံလောင်စာ ဓာတ်ငွေ့သုံးအင်ဂျင် ထုတ်လုပ်ရေး စက်ရုံကထုတ်လုပ်သည့် အင်ဂျင်ကို တွေ့ရစဉ်။**



ပုဂ္ဂလိက စက်မှုလက်မှုလုပ်ငန်းရှင်ပေါင်း ၇၀၀၀ ခန့်က လုပ်ငန်းအလိုက် စက်မှုထုတ်ကုန် အမည်(အမယ်)မျိုးစုံကို ကြိုးကြိုး စားစား ထုတ်လုပ် လျက်ရှိကြသည်။ စက်မှုဇုန်များ အနက် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးမြို့ အေးသာယာနှင့် မုံရွာစက်မှုဇုန်တို့မှာ ရှေ့တန်းက ဖွံ့ဖြိုးနေသည့် စက်မှုဇုန်များ ဖြစ်ကြသည်။ ယင်း စက်မှုဇုန်များကလည်း အမှတ်(၂) စက်မှုဝန်ကြီးဌာနကို မဏ္ဍိုင်ပြုပြီး ဝန်ကြီးဌာန၏နည်းပညာအကူအညီ ဖြင့် နိုင်ငံတော်၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေကြသည်။

ယနေ့နိုင်ငံတော်၏ လိုအပ်ချက်မှာ စိုက်ပျိုး ရေးကဏ္ဍ ဖွံ့ဖြိုးမှု ကို အခြေခံသော စက်မှုကဏ္ဍဖွံ့ဖြိုးရေး ဖြစ်သည်။

စိုက်ပျိုးမြေတိုးတက်လာခြင်း၊ တစ်သီးစားမှ နှစ်သီးစား၊ သုံးသီးစား စိုက်ပျိုးလာခြင်းတို့ကြောင့် လယ်ယာကဏ္ဍတွင် စက်ကိရိယာများ ပိုမိုအသုံးပြု လာလျက်ရှိပြီး စက်မှုလယ်ယာသို့ ကူးပြောင်း ရောက်ရှိနေပြီ ဖြစ်သည်။ လက်တွန်းထွန်စက်များ၊ ရိတ်သိမ်း ခြွေလှေ့စက်များ၊ ကောက်စိုက်စက်များစသည့် အလိုအပ်ဆုံး လယ်ယာသုံးစက် ကိရိယာ များကိုလည်း အစိုးရစက်ရုံများနှင့် စက်မှုဇုန်များက အရေအတွက်များများ အရည်အသွေးမီမီ ထုတ်လုပ်လာနိုင်ကြပြီ ဖြစ်သည်။

ပုဂ္ဂလိကစက်မှုဇုန်များသည် နိုင်ငံတော်က မျှော်မှန်းထား သည့် အတိုင်း လယ်ယာသုံး စက်ကိရိယာသာမက စက်ပစ္စည်း ထုတ်လုပ် သည့် သွင်းကုန်အစားထိုး စက်ကိရိယာများနှင့် ကုန်တင်ယာဉ်များ၊ လူစီးမော်တော်ယာဉ်များကိုပါ အဆင့်အတန်းရှိရှိ စီးပွားဖြစ် ထုတ်လုပ် လာနိုင်ကြပြီ ဖြစ်သည်။

ပုဂ္ဂလိက လုပ်ငန်းရှင်များက မိမိတို့ စက်မှုဇုန်အလိုက် နိုင်ငံတော် အတွက် လိုအပ်သော စက်ပစ္စည်းများကို အရည်အသွေးမီမီ ထုတ်လုပ် လာနိုင်သည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကို အချိန်တိုကာလအတွင်း တည်ဆောက်နိုင်တော့မည်ဖြစ်သည်။

တစ်ချိန်က အရင်းရှင်နယ်ချဲ့စနစ်ကြောင့် မြေမဲ့ယာမဲ့ အလုပ် လက်မဲ့ဖြစ်ခဲ့ရဖူးသော မြန်မာ တောင်သူလယ်သမားတို့သည် ယခုအခါ အိမ် တစ်ဆောင် မီးတပြောင်ဖြစ်ကာ ထွန်စက်သံတညံညံ၊ ဖြောစည်သံ တညံညံဖြင့် ထမင်းရည် ချောင်းစီး ဖြောတီး လှူနိုင်တန်းနိုင်ကြပေပြီ။ ကျေးရွာအရောက် လမ်းများဖောက်ကာ မော်တော်ယာဉ် စက်သံ၊ ပဲ့ချိတ်သံတို့အမှန်ပင် ဝေစီလျက်ရှိကြပြီ။ လက်နှင့် စိုက်ပြီး လက်နှင့်

### တပ်ဆင်ထုတ်လုပ်

**အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) လယ်ယာသုံးစက် ပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်) တွင် လယ်ယာလုပ်ငန်းခွင်သုံး ထွန်စက်များတပ်ဆင်ထုတ်လုပ် နေစဉ်။**

# ...တ်နေရေး လိုအပ်ချက်ကို ...းများနှင့် စက်မှုဇုန်ကြီးများ

မောင်မောင်စိုး

## တပ်ဆင်ထုတ်လုပ်

**အမှတ်(၂)စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) လယ်ယာသုံးစက်ပစ္စည်းထုတ်လုပ်မှုစက်ရုံ(မလွန်)တွင် လယ်ယာလုပ်ငန်းခွင်သုံး ထွန်စက်များတပ်ဆင်ထုတ်လုပ်နေစဉ်။**

ရိတ်သိမ်း သည့်စနစ်မှ စက်နှင့် စိုက်ပြီး စက်နှင့် ရိတ်သိမ်း ခြွေလှေ့နိုင်ရန်ပြောင်း ခြွေလှေ့စက်၊ စပါးခြွေလှေ့စက်၊ တောင်ပေါ်ကျွဲလက်တွန်းထွန်စက်၊ ရှမ်းလုံမေ စပါးရိတ်စက်၊ လေအားသုံးလျှပ်စစ် ထုတ်စက်၊ သစ်ဆိမ့်သီး အခွံချွတ်စက်၊ သစ်ဆိမ့်သီးအဆန် ထုတ်စက်တို့က နေရာယူလာကြပြီ ဖြစ်သည်။

ကျေးလက်ဒေသနေ ပြည်သူများ လူနေမှု အဆင့် မြင့်မားလာသည်နှင့်အမျှ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ခေတ်မီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်နိုင်မည်မှာ မြေကြီးလက်ခတ်မလွဲဖြစ်သည်။ အကြောင်းမှာ မြန်မာနိုင်ငံ၏လူဦးရေ ၅၃သန်းကျော်ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းမှာ ကျေးလက်ဒေသနေပြည်သူများ ဖြစ်သည်။ နိုင်ငံတော် အစိုးရက ကျေးလက်ဒေသနေပြည်သူများ စားဝတ်နေရေး ဖူလုံရေးနှင့်လူနေမှု အဆင့်မြင့်မားရေးအတွက် အဓိကထား စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် အစိုးရအနေဖြင့် လက်ရှိလူဦးရေအတွက်သာမက နောင်တိုးပွားလာမည့်လူဦးရေ၏ စားရေးအတွက်ပါ ထည့်သွင်းတွက်ချက်ပြီး စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန်လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းပေးနေခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရ၏ စေတနာနှင့် အဓိကရည်ရွယ်ချက်မှာ မိမိတို့လူမျိုး၊ မိမိတို့တိုင်းပြည်ရေရှည်စားဝတ်နေရေးအတွက် ပူပင်ကြောင့်ကြမှုမရှိစေရန်ဖြစ်သည်။ ထို့ကြောင့် ဒေသဆန် ဖူလုံရေးနှင့် ဒေသတွင်း သားငါးဖူလုံရေး ကို အားပေးဆောင်ရွက်နေခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းပြည်၏ စားဝတ်နေရေးဆိုင်ရာ အခြေခံအုတ်မြစ်ကို ခိုင်မာအောင် တည်ဆောက်ပေးနေခြင်းဖြစ်သည်။

စားဝတ်နေရေးဆိုင်ရာ အုတ်မြစ်ကောင်းကို အခြေခံပြီး စက်မှုကဏ္ဍ ဖွံ့ဖြိုးသော စက်မှုနိုင်ငံတော်အဖြစ် တည်ဆောက်ရာတွင် ပုဂ္ဂလိကစက်မှုဇုန်များအနေဖြင့် နိုင်ငံတော်က အားထားရသော စက်မှုဇုန်ကြီးများဖြစ်ရေး ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်သည်။

ထို့အတူ အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် ပြည်သူလူထု၏ စားဝတ်နေရေးအတွက် နေ့စဉ်အသုံးပြုနေရသော လူသုံးကုန်ပစ္စည်းများကို ထုတ်လုပ်ပေးလျက်ရှိသည်။ လူသုံးကုန်ပစ္စည်းများအဖြစ် အထည်အလိပ်များ၊ စားသောက်ကုန်များ၊ ဆေးဝါးပစ္စည်းများ၊ ဆောက်လုပ်ရေးပစ္စည်းများနှင့် အခြားကုန်ပစ္စည်းများကို အဓိကထုတ်လုပ် ပြီး တစ်နိုင်ငံလုံးရှိ ဝင်းသူဇာအရောင်းဆိုင်များ မှတစ်ဆင့် ပြည်သူလူထုသို့ တိုက်ရိုက်ဖြန့်ဖြူး ရောင်းချပေးလျက်ရှိသည်။

အမှတ်(၁)စက်မှုဝန်ကြီးဌာနသည် နိုင်ငံ တော်၏ စီးပွားရေးကို အထောက်အကူပြုရုံမျှမက ပြည်ပသွင်းကုန်အစားထိုး ပြည်တွင်းဖြစ် ကုန်ပစ္စည်းများကို ထုတ်လုပ် ဖြန့်ဖြူးလျက်ရှိသည်။

ပုဂ္ဂလိကစက်မှုဇုန်များအနေဖြင့် နိုင်ငံတော်က အားထားရသော စက်မှုဇုန်ကြီးများ ဖြစ်ရေးကြိုးပမ်းနေသည့်နည်းတူ အမှတ်(၂)စက်မှုဝန်ကြီးဌာနကလည်း ပဲခူးမြို့နယ် အင်းတကော်ဒေသကို စက်မှုနယ်မြေအဖြစ် သတ်မှတ်အကောင်အထည်ဖော်ထူထောင်လျက်ရှိသည်။ မြေဧက ၄၀၀ခန့် ရှိသော အင်းတကော် စက်မှုနယ်မြေတွင် စက်ရုံအလုပ်ရုံများကို တည်ဆောက်လျက်ရှိရာ ဒီဇင်ဘာ ၃၀ရက်က အဆင့်မြင့် စက်ရုံများဖြစ် သော လက်တွန်း ထွန်စက်စက်ရုံ၊ သံရည်ကျို အလုပ်ရုံနှင့် ဘောဘယ်ရာရင်စက်ရုံများကို ဖွင့်လှစ်နိုင်ခဲ့သည်။

ထို့အပြင် လယ်ယာသုံး စက်ပစ္စည်းစက်ရုံများ၊ မော်တော်ယာဉ်သုံး စက်ပစ္စည်းစက်ရုံများ၊ အလူမီနီယံဝါယာကြိုးစက်ရုံများလည်း တည် ဆောက်ပြီးစီးနေပြီ ဖြစ်သည်။ စက်ရုံအလုပ်ရုံအလိုက် စက်ပစ္စည်း ထုတ်လုပ်နေပြီဖြစ်ရာ လက်တွန်းထွန်စက် အင်ဂျင်စက်ရုံက မြင်းကောင်ရေ ၁၈ ကောင်ရှိ လက်တွန်းထွန်စက် အင်ဂျင် တစ်နှစ်လျှင် အလုံး ၃၀၀၀ နှင့် လက်တွန်းထွန်စက် တစ်နှစ်လျှင် အစီး ၃၀၀၀ ထုတ်လုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်ပိုင်စက်ရုံများနှင့် ပုဂ္ဂလိကစက်မှုဇုန်များ၏ ထုတ်လုပ်မှု စွမ်းအားမြင့်မားလာသည်နှင့်အညီ ပြည်သူတို့အတွက် ပြည်ပသွင်းကုန်အပေါ် မှီခိုအားထားနေရမှုများမှာ လျော့ကျသွား စေခဲ့ပြီဖြစ်သည်။ စက်မှုဇုန်များနှင့် နိုင်ငံပိုင်စက်ရုံများ၏ ခေတ်မီကုန်ထုတ်လုပ်မှုနည်းပညာများ တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ပြည်ပသွင်းကုန်အပေါ် ရာခိုင်နှုန်းပြည့် အမှီခိုကင်းမည်မှာ အသေအချာ ဖြစ်ပေသည်။

ပြည်တွင်းဖြစ် လူသုံးကုန်ပစ္စည်းများ၊ စက်မှုလုပ်ငန်းအထောက်အကူပြု စက်ပစ္စည်းများကို အရည်အသွေးရှိရှိ အရေအတွက်များများထုတ်လုပ် လာနိုင်သည်နှင့်အမျှ စက်မှုနိုင်ငံအဖြစ်ကူးပြောင်း ရောက်ရှိကာ ပြည်သူများ၏လူနေမှုဘဝ အဆင့် အတန်းမှာလည်းမြင့်မား၍ ခေတ်မီဖွံ့ဖြိုးတိုးတက် သည့် နိုင်ငံတော်ကြီးဖြစ်ထွန်းလာမည်မှာ မလွဲဧကန် ဖြစ်ပါတော့သည်။ ။

## ၂၀၀၂-၂၀၀၃ ခုနှစ်အထိ အမှတ်(၁) စက်မှုဝန်ကြီးဌာနအောက်ရှိ စက်ရုံများစာရင်း

| စဉ် | စက်မှုလုပ်ငန်း | စက်ရုံစုစုပေါင်း | ဆောင်ရွက်မည့် စက်ရုံစီမံကိန်း |
|---|---|---|---|
| ၁။ | အထည် | ၃၃ | ၃ |
| ၂။ | စားကုန် | ၄၃ | ၃ |
| ၃။ | ဆေးဝါး | ၁၈ | ၆ |
| ၄။ | ကြွေမြေ | ၂၃ | ၆ |
| ၅။ | ထွေ/ထိန်း | ၂၈ | - |
| ၆။ | စက္ကူ | ၉ | ၅ |
| | စုစုပေါင်း | ၁၅၄ | ၂၃ |

**ချည်မျှင်နှင့် အထည်စက်ရုံ**

**မကွေးတိုင်း ပွင့်ဖြူမြို့နယ်ရှိ ချည်မျှင်နှင့် အထည် စက်ရုံကို ဤသို့ တွေ့ရသည်။**



**နိုင်ငံတော်ပိုင် စက်ရုံများနှင့် ပုဂ္ဂလိက စက်မှုဇုန်များ၏ ထုတ်လုပ်မှု စွမ်းအား မြင့်မားလာသည် နှင့်အညီ ပြည်သူတို့အတွက် ပြည်ပသွင်းကုန် အပေါ် မှီခိုအားထားနေရမှုများမှာ လျော့ကျသွား စေခဲ့ပြီဖြစ်သည်။ စက်မှုဇုန်များနှင့် နိုင်ငံပိုင် စက်ရုံများ၏ ခေတ်မီကုန်ထုတ်လုပ်မှုနည်းပညာ များ တိုးတက်ပြောင်းလဲလာသည်နှင့် အမျှ ပြည်ပ သွင်းကုန်အပေါ် ရာခိုင်နှုန်းပြည့် အမှီခိုကင်းမည်မှာ အသေအချာ ဖြစ်ပေသည်။**

## တရားတော်များ ဟောကြားမည်

ရန်ကုန် ဇန်နဝါရီ ၁

မင်းကွန်းတောင်ရိုး ဗုဒ္ဓတစ်ထောင်စီမံကိန်းနှင့် ရေ၊ မီး၊ ဆွမ်း၊ ဆေး ဦးဆောင်ပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဓမ္မသာရ (ဒီဃဘာဏက) အရှင်သူမြတ်သည် ၁–၁–၂၀၀၄ရက်တွင် ကွမ်းခြံကုန်းမြို့နယ် ထီဖာရွာ၌ ဟောကြားခဲ့ပြီး ၂–၁–၂၀၀၄ ရက်တွင် သဖြူစမ်းရွာ၌လည်းကောင်း၊ ၃–၁–၂၀၀၄ရက်တွင် တောကျောင်းရွာ၌ လည်းကောင်း၊ ဇန်နဝါရီ ၄ ရက်နှင့် ၅ ရက်တို့တွင် အိမ်မဲမြို့ ဘုရားကြီးကုန်း၌လည်းကောင်း တရားတော်များကို ညစဉ် ၇ နာရီတွင် ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ (က–ပ)

# သားငါးဖွံ့ဖြိုး ပြည့်အကျိုး

# နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ ပူးပေါင်းဆောင်ရွက်မှုစွမ်းအား ကြီးမားသည့်ကဏ္ဍကပါဝင် မူဝါဒလမ်းစဉ်ခုနစ်ရပ် အောင်မြင်စွာအကောင်အထည်ပေါ်ရေး စည်းလုံးညီညွတ် တက်ကြွစွာဆောင်ရွက်

## နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မိုးကောင်းမြို့၊ မိုးညှင်းမြို့နှင့် ဖားကန့်မြို့ ဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၁

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ စစ်ဦးစီးအရာရှိချုပ်(ရေ)၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၃၀ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့မှ တပ်မတော်ရဟတ်ယာဉ်များဖြင့် ထွက်ခွာကြရာ နံနက် ၉နာရီခွဲတွင် ကချင်ပြည်နယ် မိုးကောင်းမြို့သို့ ရောက်ရှိကြသည်။**

### ကြိုဆို

နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များအား မိုးကောင်းတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်ဟိန်း၊ မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက ကြိုဆိုကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည်မိုးကောင်းမြို့ မိုးကောင်းခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေး ကောင်စီဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

### ရှင်းလင်းတင်ပြ

ရှေးဦးစွာ မိုးကောင်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်သန်းက မိုးကောင်းမြို့နယ်၏ တည်နေရာနှင့် အကျယ်အဝန်း၊ စိုက်ပျိုးမြေဧက၊ မိုးစပါးစိုက်ပျိုးနိုင်မှု၊ ဒေသဝမ်းစာ ဖူလုံနေမှုအခြေအနေ၊ ဆီထွက်သီးနှံစိုက်ပျိုးနိုင်မှုနှင့် ဒေသဆီဖူလုံနေမှုအခြေအနေ၊ လယ်ယာမြေဖော်ထုတ်လုပ်ကိုင်နေမှု၊ ပညာရေး၊ ကျန်းမာရေး၊ ကျေးလက်ရေရရှိရေးလုပ်ငန်း၊ လမ်း၊ တံတားလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများက မြို့နယ်အတွင်း မိမိတို့ဌာနအလိုက် ဆောင်ရွက်နေသည့်လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**ကချင်ပြည်နယ် မိုးကောင်းမြို့နယ်ရွှေဘို–မြစ်ကြီးနားကားလမ်းပေါ်တွင် တည်ဆောက်နေသော သံပေါင်အမျိုးအစား နန်ကောင်းချောင်း(မိုးကောင်း) တံတားပြီးစီးမှုအခြေအနေကို ဒီဇင်ဘာ၃၀ရက်က တွေ့ရစဉ်။** (သတင်းစဉ်)

### အမှာစကားပြောကြား

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် မိုးကောင်းမြို့နယ်ပြည်သူ့ဆေးရုံကို ခုတင် ၅၀ ဆံ့ ဆေးရုံအဖြစ် အဆင့်တိုးမြှင့်ပေးခြင်း၊ အခြေခံပညာကျောင်းများ အဆင့်မြှင့်ပေးခြင်းလုပ်ငန်းများ၊ တံတားများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းတို့ကိုစီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိမိနှင့်တကွ အစိုးရအဖွဲ့ဝင် ဝန်ကြီးများလိုက်ပါလျက် မိုးကောင်းမြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသ၏ လိုအပ်ချက်များ၊ လိုလားချက်များ လေ့လာဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

ယခုအကြိမ် ကချင်ပြည်နယ်ခရီးစဉ်အတွင်း ပူတာအိုခရိုင် အစွန်အဖျားနယ်စပ်ဒေသများအထိ သွားရောက်ပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဒေသခံပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်းမြင့်မားရေးတို့အတွက် လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ခဲ့ပြီးနောက် ယနေ့ မိုးကောင်းမြို့နှင့် မိုးညှင်းမြို့တို့သို့ လာရောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယနေ့မိုးကောင်းမြို့တွင် ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များဖြစ်သောပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံများကိုယခုပင်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း။

မိုးကောင်းမြို့နယ် ၂၅ ခုတင်ဆံ့ဆေးရုံကို ခုတင်၅၀ဆံ့အဆင့်တိုးမြှင့်ရန်နှင့်မြို့နယ်အတွင်း တိုက်နယ်ဆေးရုံတစ်ခု တိုးချဲ့ဖွင့်လှစ်ပေးရန် စီစဉ်ပေးခဲ့ပြီးဖြစ်ကြောင်း။

### ညှိနှိုင်းစီမံ

အလားတူပင် တွဲဖက်အခြေခံပညာအလယ်တန်းကျောင်းသုံးကျောင်းကို အလယ်တန်းကျောင်းခွဲအဆင့်တိုးမြှင့်ပေးရန်နှင့် မူလတန်းအချို့အတွက် ကျောင်းဆောင်သစ်များ အပြီးသတ်ဆောက်လုပ်နိုင်ရန် ညှိနှိုင်းစီမံပေးခဲ့ပြီးဖြစ်ကြောင်း။

မိုးကောင်းဒေသသည် ယခင်ကာလက နယ်မြေတည်ငြိမ်အေးချမ်းမှုမရှိခဲ့သဖြင့် နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပီပြင်ထိရောက်စွာ ဆောင်ရွက်ပေးနိုင်ခြင်းမရှိခဲ့ကြောင်း။

**နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ကချင်ပြည်နယ် မိုးကောင်းမြို့၌ ဒီဇင်ဘာ၃၀ ရက်က နန်ကောင်းချောင်း(မိုးကောင်း) တံတား တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

### ဦးစားပေးဆောင်ရွက်နေ

ယခုအခါတွင်နယ်မြေဒေသအေးချမ်းသာယာလာပြီ ဖြစ်သည်နှင့်အညီ နိုင်ငံတော်အစိုးရကဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဦးစားပေးဆောင်ရွက်လာနေသည်နှင့်အမျှ ဒေသရှိဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများကလည်း မိမိတို့ဒေသ၏ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးအခြေခံများ ပိုမိုမြင့်မားလာစေရမည်ဆိုသည့် ခံယူချက်ဖြင့်တက်ညီလက်ညီ ကြိုးစားဆောင်ရွက်ကြဖို့လိုကြောင်း။

မိုးကောင်းမြို့သည် သမိုင်းအစဉ်အလာကြီးမားသော မြို့တစ်မြို့ဖြစ်သည့်အပြင် မန္တလေး–မြစ်ကြီးနားမီးရထားလမ်းပေါ်တွင်လည်း ရှိသည့်အတွက် လက်ရှိအခြေအနေထက် ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ကောင်းကြောင်း။

ကချင်ပြည်နယ်ကြီးငြိမ်းချမ်းသာယာလာသည်မှာ ၁၀ နှစ်ရှိခဲ့ပြီဖြစ်ရာ အစွန်အဖျားဒေသများအထိ အေးချမ်းစွာ သွားလာနိုင်မှု၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပီပြင်ထိရောက်စွာ ဆောင်ရွက်နိုင်မှုအခွင့်အလမ်းများ ဖြစ်ထွန်းလာခဲ့သည်မှာ ကြာခဲ့ပြီဖြစ်ကြောင်း။

### ညီညီညွတ်ညွတ်ကြိုးပမ်း

ယင်းသို့ ဖွံ့ဖြိုးတိုးတက်မှုအခွင့်အလမ်းကောင်းများ ရရှိဖြစ်ထွန်းနေသည့်အချိန်အခါတွင် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံပြည်သူများက လက်ရှိအခြေအနေကို နှစ်သိမ့်ရောင့်ရဲမနေဘဲ မိမိတို့ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ်ဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြဖို့ မှာကြားလိုကြောင်း။

ဌာနဆိုင်ရာတာဝန်ရှိသူများအနေဖြင့် တစ်ဦးကောင်း၊ တစ်ယောက်ကောင်း မဟုတ်ဘဲ ဌာနအားလုံး ပူးပေါင်းပါဝင်သည့် ကော်မတီများကို ဖွံ့ဖြိုးမှုကဏ္ဍအလိုက် ဖွဲ့စည်းကာ မိမိတို့တာဝန်ကျရာဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဌာနဆိုင်ရာအားလုံး၏ စုစည်းညီညွတ်သည့် စွမ်းအား၊ ဝီရိယစိုက်ထုတ် ကြိုးပမ်းဆောင်ရွက်မှုစွမ်းအား၊ တီထွင်ကြံဆ ကြိုးပမ်းမှုစွမ်းအားတို့ ပေါင်းစပ်ပြီး တစ်စိတ်တည်း တစ်ဝမ်းတည်း ကြိုးပမ်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း။

မြို့မိမြို့ဖ တိုင်းရင်းသားပြည်သူများကလည်း ဒေသဖွံ့ဖြိုးရေးအတွက်

**စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ➪**

**နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ ဒီဇင်ဘာ၃၀ ရက်က ကချင်ပြည်နယ် မိုးညှင်းမြို့ မိုးညှင်းအစိုးရစက်မှုလက်မှုသိပ္ပံ၏ ပင်မသုံးထပ်ဆောင်နှင့် ဝဲယာနှစ်ထပ်ဆောင် တည်ဆောက်ရေးလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

➪ **စာမျက်နှာ ၁၀ မှ**

နိုင်ငံတော်အစိုးရမှာသာ တာဝန်ရှိသည်ဟု သဘောမထားဘဲ မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက် ကြဖို့လိုကြောင်း။

မြန်မာနိုင်ငံသည် အလျှံပယ်ချမ်းသာကြွယ်ဝသည့် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံ မဟုတ်သေးသည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု စွမ်းအားသည် ကြီးမားသည့် အခန်းကဏ္ဍက ပါဝင်နေကြောင်း။

အထူးသဖြင့် အမျိုးသားရေးပန်းတိုင်ဖြစ်သည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးတွင် တိုင်းရင်းသားပြည်သူများ၏ ပူးပေါင်းပါဝင်မှု စွမ်းအားသည် ပဓာနဖြစ်ရာ ယင်းအမျိုးသားရေးပန်းတိုင်သို့ ချီတက်လျှောက်လှမ်းမည့် မူဝါဒလမ်းစဉ် ခုနစ်ရပ်အောင်မြင်စွာ အကောင်အထည်ပေါ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူများအားလုံးက စည်းလုံးညီညွတ်တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိုးကောင်းမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်နှင့် အင်ဗာတာစက်များကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအားပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

## နန်ကောင်းချောင်းတံတား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နန်ကောင်းချောင်း (မိုးကောင်း) တံတားတည်ဆောက်ရေးလုပ်ငန်းခွင်သို့ ရောက်ရှိကြရာရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးစိုးသက်က တံတားစီမံကိန်းဆိုင်ရာအချက်အလက်များ၊ တံတား တည်ဆောက်ရေးလုပ်ငန်း ၉၀ရာခိုင်နှုန်းပြီးစီးနေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တံတားကို သတ်မှတ်ကာလအတွင်း ပြီးစီးအောင် တည်ဆောက်ရန်မှာကြားပြီး တံတား၏ တည်ဆောက်ရေး လုပ်ငန်းများ အပြီးသတ် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

နန်ကောင်းချောင်း (မိုးကောင်း)တံတားမှာ မိုးကောင်းမြို့နယ် ရွှေဘို–မြစ်ကြီးနားကားလမ်းပေါ်တွင် တည်ရှိသည်။ တံတားအရှည်မှာ ၉၄၅ပေ၊ ယာဉ်သွားလမ်းအကျယ်မှာ ပေ ၂၀ ခြောက်လက်မ နှစ်လမ်းမောင်း ဖြစ်သည်။ တံတားအမျိုးအစားမှာ အောက်ပိုင်း သံကူကွန်ကရစ်ရက်မ အပေါ်ထည် သံပေါင်အမျိုးအစားတံတားဖြစ်ပြီး ခွင့်ပြုအလေးချိန်မှာတန် ၆၀ဖြစ်ကြောင်းသိရသည်။

## မိုးညှင်းမြို့ရောက်ရှိ

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များသည် မိုးညှင်းမြို့သို့ရောက်ရှိကြရာနည်းဗျူဟာမှူး ဗိုလ်မှူးကြီးစိုးမြင့်၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးညှင်းအစိုးရစက်မှုလက်မှု သိပ္ပံသို့ရောက်ရှိကြရာ တည်ဆောက်ရေးလုပ်ငန်းခွင်၌ (Ever Green ) ဆောက်လုပ်ရေး ကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေက စက်မှုလက်မှုသိပ္ပံ၏ သုံးထပ်ပင်မဆောင်နှင့် ဝဲယာနှစ်ထပ်ဆောင်များ တည်ဆောက်ပြီးစီးနေမှုကို လည်းကောင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဝန်ကြီး ဦးသောင်းက မိုးညှင်းအစိုးရ စက်မှုလက်မှုသိပ္ပံ၏ သင်ကြား၊ စီမံကိန်းရပ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် အစိုးရစက်မှုလက်မှုသိပ္ပံ၏ ပင်မသုံးထပ်ဆောင်နှင့် ဝဲယာနှစ်ထပ်ဆောင်များ တည်ဆောက်ရေး လုပ်ငန်းနှင့် ကျောင်းအဆောက်အအုံသစ်၌ ကျောင်းသား၊ကျောင်းသူများ ပညာသင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များသည် ပင်မဆောင်ရှေ့၌ ခရေပင်များကို စိုက်ပျိုးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မိုးညှင်းဒီဂရီကောလိပ်သို့ ရောက်ရှိကြရာ ကျောင်းအုပ်ကြီး ဦးသန်းညွန့်နှင့် ပါမောက္ခဌာနမှူးများ၊ ကထိက၊လက်ထောက်ကထိကများ၊ ဆရာ၊ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ကြိုဆိုကြသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် နှင့် အဖွဲ့ဝင်များသည် စာသင်ခန်းများ၊ e-Education Learning Centre၊ Computer Training Centreနှင့် Languge Labတို့၌ ကျောင်းသား၊ကျောင်းသူများ သင်ကြားနေမှုကို ကြည့်ရှုစစ်ဆေးသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ဒီဂရီကောလိပ်ခန်းမ၌(Ever Green)ဆောက်လုပ်ရေး ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဦးသန်းရွှေကပထမအဆင့်တွင် ဒီဂရီကောလိပ် ပင်မ သုံးထပ်ဆောင်နှင့် ဆက်စပ်တည်ဆောက်ထားသည့် ဝဲယာ နှစ်ထပ်ဆောင်များ တည်ဆောက်ပြီးစီးနေမှု၊ ဒုတိယဆင့်တွင် ဝဲယာနှစ်ထပ်ဆောင်များ တိုးချဲ့တည်ဆောက်ရန် စီစဉ်ထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်က ပထမနှစ်သင်တန်းများ ဖွင့်လှစ်သင်ကြားနေမှု၊ သင်ကြားလျက်ရှိသောအထူးပြုဘာသာရပ်များ၊ ကျောင်းသား၊ကျောင်းသူဦးရေ၊ ဆရာ၊ဆရာမအင်အား၊ ကွန်ပျူတာ ၉၂လုံးအသုံးပြုပြီး (IT)ခန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များ မှာကြားသည်။

## တွေ့ဆုံ

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မိုးညှင်းမြို့ စိမ်းလဲ့ရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်မိရပ်ဖများနှင့်တွေ့ဆုံသည်။

ရှေးဦးစွာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်အောင်က နိုင်ငံတော်ဝန်ကြီးချုပ် မိုးညှင်းမြို့သို့ ယခင်ရောက်ရှိခဲ့စဉ်က လမ်းညွှန် မှာကြားချက်များအပေါ် အကောင်အထည်ဖော်ပြီးစီးမှု အခြေအနေ၊ဒေသဖွံ့ဖြိုးရေးအတွက်ဆောင်ရွက်နေသည့် လယ်ယာမြေသစ် ဖော်ထုတ်ခြင်း၊ စားသုံးဆီ ဖူလုံရေးအတွက် ဆောင်ရွက်ခြင်း၊ မြို့သန့်ရှင်း သာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ မြဝတီရုပ်သံလွှင့်စက် တပ်ဆင်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်း၊တံတား လုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

## အမှာစကားပြောကြား

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မိုးညှင်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို မျက်မြင်ကြည့်ရှုပြီး လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးရေးအတွက် မိမိဦးဆောင်ပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ လိုက်ပါလျက် မိုးညှင်းမြို့သို့ လာရောက်ခဲ့ကြသည်မှာ ယခုနှစ်အတွင်း သုံးကြိမ်ရှိခဲ့ပြီဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ပြည်ထောင်စုကြီးအတွင်း ဖွံ့ဖြိုးတိုးတက်မှု၌ ကွက်လပ်သဖွယ် ကြွင်းကျန်နေသည့် နယ်မြေဒေသများတွင်ဒေသခံပြည်သူများ၏ကျန်းမာရေးစောင့်ရှောက်မှု တိုးမြှင့်ပေးရေး၊ ဒေသတွင်း လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ ဒေသ၏ စီးပွားရေး၊ လူမှုရေးအခြေအနေများ တိုးတက်မြင့်မားရေးတို့အတွက် ဖွံ့ဖြိုး တိုးတက်ရေး အထူးအစီအမံများ ချမှတ်ဆောင်ရွက်သွားရန် လမ်းညွှန် မိန့်ကြားထားခဲ့ကြောင်း။

## ထည့်သွင်းစီမံပေး

နိုင်ငံတော်အကြီးအကဲ၏ မူဝါဒလမ်းညွှန်ချက်နှင့်အညီ နိုင်ငံတော်အစိုးရအနေဖြင့် ဖွံ့ဖြိုးမှု၌ အကြားအလပ်သဖွယ် ကျန်ရှိနေသည့် နယ်မြေဒေသများကို ဖော်ထုတ်ပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိရာတွင် မိုးညှင်းမြို့နယ်ကိုလည်း ထည့်သွင်းစီမံဆောင်ရွက်ပေးလျက်ရှိရာ ယခုဆိုလျှင် မိုးညှင်းမြို့၌ ဒီဂရီကောလိပ်တစ်ခုနှင့် အစိုးရစက်မှုလက်မှုသိပ္ပံတစ်ခုတို့ကို ထူထောင်ပေးခဲ့ပြီးဖြစ်ကြောင်း။

ခြောက်လမျှသော အချိန်တိုကာလအတွင်း ခံ့ညားထည်ဝါသော ခေတ်မီအဆောက်အအုံများနှင့်တကွနိုင်ငံတကာအဆင့်မီသင်ကြားမှုသင်ယူမှုအထောက်အကူပြုပစ္စည်းများ၊ ကောလိပ်၊ သိပ္ပံတို့၏ အင်္ဂါရပ်များနှင့်အညီ အပြည့်အစုံပါဝင်သည့် ဒီဂရီကောလိပ်တစ်ခုနှင့် စက်မှုလက်မှုသိပ္ပံတစ်ခုတို့ ပေါ်ထွန်းလာခြင်းမှာ နိုင်ငံတော်အစိုးရ၏ ပြည်သူများအပေါ်ထားရှိသော စေတနာနှင့် စွမ်းဆောင်မှုတို့ကို ပေါ်လွင် ထင်ရှားစေလျက်ရှိကြောင်း။

## သန္နိဋ္ဌာန်ဖြင့်ကြိုးပမ်း

မိမိတို့ အစိုးရ နိုင်ငံတော်၏တာဝန်ကို ထမ်းဆောင်နေစဉ် ကာလတစ်လျှောက် ပြည်သူများ အကျိုးစီးပွားအတွက် ဆောင်ရွက်သည့် လုပ်ငန်းမှန်သမျှကို မဖြစ်မနေ ဖြစ်မြောက်အောင်မြင်စေရမည် ဆိုသည့်သန္နိဋ္ဌာန်စိတ်ဓာတ်ဖြင့် ကြိုးပမ်း ဆောင်ရွက်ခဲ့သည်နှင့်အညီ မိုးညှင်းမြို့ တွင်လည်း မြို့ကျက်သရေဆောင် ဒီဂရီကောလိပ်နှင့် စက်မှုလက်မှု သိပ္ပံတို့ကို ယခုကဲ့သို့ အချိန်တိုကာလအတွင်း ဖြစ်မြောက်အောင် တည်ထောင်ပေးနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း။

## ဆေးရုံအဆင့်တိုးမြှင့်

အလားတူပင် ကျန်းမာရေးကဏ္ဍ၌လည်း ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှု တိုးမြှင့်ပေးနိုင်ရေးအတွက် မိုးညှင်းပြည်သူ့ဆေးရုံကို ခုတင်–၂၀၀ဆံ့ ဆေးရုံအဆင့်သို့ တိုးမြှင့် ပေးခဲ့ပြီးဖြစ်ကြောင်း။

ယင်းကဲ့သို့ ပညာရေး၊ကျန်းမာရေး အခြေခံ အဆောက်အအုံသစ်များကို မည်သူ၏ တောင်းခံမှုမျှမပါဝင်ဘဲ နိုင်ငံတော်အစိုးရ၏ မွန်မြတ်သော စေတနာသက်သက်ဖြင့် ထူထောင်ဆောင်ရွက်ပေးနေခြင်းမှာ နိုင်ငံတော်အစိုးရအနေဖြင့် မိမိ၏ ပြည်သူများအား မိဘက သားသမီးများအပေါ်ထားရှိသည့် မေတ္တာစေတနာ စိတ်ထားဖြင့် အမွေခံကောင်းများကို မတောင်းခံဘဲ ဖြည့်ဆည်းပေးနေသည့် သဘောပင် ဖြစ်ကြောင်း။

## ကျေပွန်စွာတုံ့ပြန်

သို့ဖြစ်သည်နှင့်အညီ ဒေသခံတိုင်းရင်းသား ပြည်သူများကလည်း နိုင်ငံတော်အစိုးရက မိမိတို့အပေါ်ထားရှိသည့်ဖြူစင်မွန်မြတ်သော မေတ္တာစေတနာကို သိမြင်နားလည်သဘောပေါက်ပြီး ပြည်သူများဘက်က ကျင့်ကြံဆောင်ရွက်ရမည့် ပြည်သူ့ကျင့်ဝတ်နှင့် ပြည်သူ့တာဝန်များကို ကျေပွန်စွာ တုံ့ပြန်ဆောင်ရွက်ကြဖို့လိုကြောင်း။

ပြည်သူများ၏ ကျင့်ဝတ်နှင့် တာဝန်များမှာလည်း နိုင်ငံတော် အစိုးရအပေါ် တုံ့ပြန် ပေးဆပ်ရန် မဟုတ်ဘဲ မိမိတို့ ပြည်သူများနှင့်တကွ မိမိတို့၏

**စာမျက်နှာ ၁၃ ကော်လံ ၁သို့** ★

**ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ သိပ္ပံနှင့်နည်းပညာ ဝန်ကြီးဌာန အစိုးရ စက်မှုလက်မှုသိပ္ပံ ပင်မသုံးထပ်ဆောင်နှင့် ဝဲယာနှစ်ထပ်ဆောင် တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။** (သတင်းစဉ်)

# နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ လက်ထက် နိုင်ငံတစ်ဝန်း သစ်တောထိန်းသိမ်းကာကွယ်ရေး တိုးတက်ဖြစ်ထွန်းမှုများ

**(၅၆)နှစ်မြောက် လွတ်လပ်ရေးနေ့ အကြိုဂုဏ်ပြု ဓာတ်ပုံမှတ်တမ်း**

သစ်တောသယံဇာတများ ပျက်စီးပြုန်းတီးမှုကို အစားထိုးနိုင်ရန်အတွက် သစ်တောစိုက်ခင်းများ တည်ထောင်လျက်ရှိရာ ပဲခူးတိုင်း တောင်ငူခရိုင် ရေတာရှည်မြို့နယ်ရှိ သက်ကြီးကျွန်းစိုက်ခင်းတစ်ခုကို တွေ့ရစဉ်။

## သတ်မှတ်တည်ထောင်ပြီး သဘာဝနယ်မြေစာရင်း

| ပြည်နယ်/တိုင်း | လက်ရှိသဘာဝနယ်မြေ ဧရိယာ(စတုရန်းမိုင်) |
|---|---|
| ကချင် | ၆၂၉၇.၇၈ |
| ကရင် | ၁၁၅.၄၈ |
| ချင်း | ၃၃၀.၂၀ |
| စစ်ကိုင်း | ၂၀၈၉.၉၉ |
| တနင်္သာရီ | ၁၇၈၀.၀၈ |
| ပဲခူး | ၄၀.၀၀ |
| မကွေး | ၂၁၅.၁၅ |
| မန္တလေး | ၁၈၇.၅၂ |
| မွန် | ၇၉.၂၀ |
| ရခိုင် | ၆၇၇.၈၈ |
| ရန်ကုန် | ၂.၄၁ |
| ရှမ်း | ၄၇၅.၆၂ |
| ဧရာဝတီ | ၅၃.၁၂ |
| စုစုပေါင်း | ၁၂၃၄၄.၄၃ |

## ၂၀၀၃ ခုနှစ်အထိ အမျိုးအစားအလိုက် သစ်တောစိုက်ခင်းများ

| စဉ် | စိုက်ခင်းအမျိုးအစား | ဧရိယာ(ဧက) | ရာခိုင်နှုန်း |
|---|---|---|---|
| ၁ | စီးပွားရေး | ၁၀၇၀၈၈၆ | ၅၅.၀ |
| ၂ | ကျေးရွာသုံး | ၄၈၈၅၈၅ | ၂၅.၀ |
| ၃ | စက်မှုကုန်ကြမ်း | ၁၅၅၃၅၄ | ၈.၀ |
| ၄ | ရေဝေရေလဲ | ၂၃၃၄၀၀ | ၁၂.၀ |
| | စုစုပေါင်း | ၁၉၄၈၂၂၅ | ၁၀၀.၀ |

မြန်မာနိုင်ငံသည် သစ်တောသယံဇာတ များပြားပြီး ဇီဝမျိုးစုံမျိုးကွဲတို့ ပေါများကြွယ်ဝသော နိုင်ငံဖြစ်သည်။ သစ်တောနှင့် ဇီဝမျိုးစုံ မျိုးကွဲတို့ ထာဝစဉ်တည်တံ့စေရန် ထိန်းသိမ်းရေးနှင့် ရေရှည်အသုံးပြုသွားနိုင်ရေးအတွက် သစ်တောရေးရာ ဝန်ကြီးဌာန သစ်တောဦးစီးဌာနက သဘာဝထိန်းသိမ်းရေးနယ်မြေစနစ်နှင့် ကြိုးဝိုင်းစနစ်တို့ဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် သစ်တောများ ပျက်စီးပြုန်းတီးမှုကို အစားထိုးနိုင်ရန်အတွက် သစ်တောစိုက်ခင်းများကိုလည်း တည်ထောင်လျက်ရှိသည်။

**တောင်မြန်အောင် တိုးချဲ့ကြိုးဝိုင်း**

သစ်တောရေးရာဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနက ဧရာဝတီတိုင်း အင်္ဂပူမြို့နယ်တွင် တည်ထောင်ထားသည့် တောင်မြန်အောင် တိုးချဲ့သစ်တောကြိုးဝိုင်းကို တွေ့ရစဉ်။

**ကျွဲသေကြိုးဝိုင်း**

သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက တည်ထောင်ထားသည့် မကွေးတိုင်း အောင်လံမြို့နယ်ရှိ ကျွဲသေသစ်တောကြိုးဝိုင်းကို တွေ့ရစဉ်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ ကချင်ပြည်နယ် ဖားကန့်မြို့နယ် နမ့်မော် လုပ်ကွက်အမှတ်(၁၀၉)မှ ထွက်ရှိပြီး နိုင်ငံတော်သို့ ပတ္တမြားနဂါး ကုမ္ပဏီလီမိတက်က လှူဒါန်းထားသော တန်ချိန် ၃၀၀၀ရှိ ကျောက်စိမ်းတုံးကြီးကို ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

☆ စာမျက်နှာ ၁၁မှ

ပြည်ထောင်စုကြီး၏ အကျိုးစီးပွား သက်သက်ဖြစ်သည့် ပြည်ထောင်စုကြီး မပြိုကွဲစေဘဲ အစွန့်ရှည်တည်တံ့ ခိုင်ခံ့ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မာရေး၊ ရရှိထားသည့် လွတ်လပ်ရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ လက်လွတ်ဆုံးရှုံးရမှု မရှိစေဘဲ တည်တံ့ခိုင်မြဲရေး ဆိုသည့် ဒို့တာဝန်အရေးသုံးပါး အစဉ်ထာဝရ ဖြစ်ထွန်းနေစေရအောင် စိတ်စေတနာ မှန်ဖြင့် ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန်သာဖြစ်ကြောင်း။

ဤကဲ့သို့ နိုင်ငံတော်အစိုးရ၏ ဦးဆောင်ပံ့ပိုးကူညီမှု၊ ပြည်သူများ၏ ပူးပေါင်းဆောင်ရွက်မှု၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ တက်ကြွစွာ စီမံခန့်ခွဲမှုတို့ မှန်ကန်စွာ ပေါင်းစည်းမိမည်ဆိုလျှင် အမျိုးသားရေးပန်းတိုင် ဖြစ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်ကြီးသည်လည်း အမြန်ဆုံး ပေါ်ထွန်းလာမှာဖြစ်ကြောင်း။

**တက်ညီလက်ညီပူးပေါင်း**

ထို့ကြောင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ အားလုံးက မိမိရပ်ရွာ၊ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၏ ကူညီပံ့ပိုးမှုများ ထိုက်တန်စွာ အကောင်အထည်ဖော် ဖြစ်ထွန်းလာစေရအောင် တစ်စိတ်တည်း တစ်ဝမ်းတည်း တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က မိုးညှင်းမြို့ အမှတ်(၁)နှင့် အမှတ်(၂) အခြေခံပညာအထက်တန်း ကျောင်းများအတွက် ရုပ်မြင်သံကြားစက်၊ ဗီဒီယိုပြစက်၊ မီးအားမြှင့်စက်တို့ကို သက်ဆိုင်ရာကျောင်းအုပ်ကြီးများအား ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ဖားကန့်မြို့ရောက်ရှိ**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့သို့ ရောက်ရှိကြရာ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်ရှိန်၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များက ကြိုဆိုကြသည်။

ထို့နောက် ဖားကန့်ကျောက်စိမ်းရတနာမြေ သမိုင်းမှတ်တမ်း မော်ကွန်းကမ္ဗည်းကျောက်စာတိုင်ဖွင့်ပွဲ အခမ်းအနားကို မွန်းလွဲ ၁ နာရီခွဲတွင် ဖားကန့်မြို့ အမှတ်(၁) လမ်းမကြီးနံဘေးရှိ အဆိုပါ မော်ကွန်းကမ္ဗည်းကျောက်စာတိုင်၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များ၊ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

**ဖွင့်လှစ်ပေး**

အစီအစဉ်အရ ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး ဗိုလ်ချုပ်မောင်မောင်ဆွေနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်တို့က ဖိတ်ကြားဖြစ်၍ ဖားကန့် ကျောက်စိမ်းရတနာနယ်မြေ သမိုင်းမှတ်တမ်း မော်ကွန်း ကမ္ဗည်းကျောက်စာကို ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က စက်ခလုတ်နှိပ်၍ ဖားကန့် ကျောက်စိမ်းရတနာနယ်မြေ သမိုင်းမှတ်တမ်း မော်ကွန်း ကမ္ဗည်းကျောက်စာတိုင်ကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖားကန့်ကျောက်စိမ်း ရတနာနယ်မြေ သမိုင်းမှတ်တမ်း မော်ကွန်း ကမ္ဗည်းကျောက်စာတိုင်ကို ကြည့်ရှုစစ်ဆေးကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**ကျောက်စိမ်းတုံးများကြည့်ရှု**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့ ဥရုရတနာရိပ်သာသို့ ရောက်ရှိကြပြီး နိုင်ငံတော်နှင့် ပုဂ္ဂလိက ကျောက်မျက်ကုမ္ပဏီများ၏ အကျိုးတူ လုပ်ကွက်များမှ ထွက်ရှိသော ကျောက်စိမ်းတုံးများကို ကြည့်ရှုကြသည်။

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဖားကန့်မြို့ ဥရုရတနာခန်းမ၌ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် တွေ့ဆုံသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ကာမိုင်းနှင့် ဖားကန့် အခြေခံပညာအထက်တန်းကျောင်းများအတွက် ကွန်ပျူတာနှင့် မာလ်တီမီဒီယာ သင်ထောက်ကူ ပစ္စည်းများကို သက်ဆိုင်ရာ ကျောင်းအုပ်ကြီးများအား ပေးအပ်သည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် စစ်ဗျူဟာမှူး ဗိုလ်မှူးကြီးတင်ရှိန်က ဖားကန့်မြို့နှင့် ဆက်သွယ်နေသော ကာမိုင်း၊ မိုးညှင်းလမ်းများ အဆင့်မြှင့်မွမ်းမံရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေက ဆက်သွယ်ရေးလုပ်ငန်း၊ ပညာရေး၊ ကျန်းမာရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

**အဓိကရတနာမြေ**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို စီစဉ်ဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံတွင် ကျောက်စိမ်းရတနာမြေ၊ ပတ္တမြားရတနာမြေ စသည့် တန်ဖိုးမဖြတ်နိုင်သည့် ရှားပါးရတနာမြေများ များပြားစွာ ပေါ်ထွက်လျက်ရှိရာ ဖားကန့်ဒေသသည်လည်း အဓိကရတနာမြေတစ်ခုအဖြစ် ပါဝင်လျက်ရှိကြောင်း။

**တက်ညီလက်ညီ**

အဖိုးထိုက်တန်လှသည့် ရတနာမြေတစ်ခု ဖြစ်သည်နှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်အောင် ရတနာတူးဖော်မှုလုပ်ငန်းများကို ဥပဒေနှင့်ညီညွတ်ပြီး စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီအောင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စီးပွားရေးလုပ်ငန်းရှင်များအားလုံး တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြဖို့လိုကြောင်း။

ရှားပါးလှသည့် ရတနာမြေတစ်ခုဖြစ်သည့်အလျောက် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မည့် အလားအလာ ကောင်းများလည်း ဖြစ်ထွန်းလျက်ရှိရာ နိုင်ငံတော်၏ ဂုဏ်သိက္ခာ တိုးတက်မြင့်မားစေရအောင်၊ မိမိတို့ ဖားကန့်ရတနာမြေ၏ ဂုဏ်သတင်းလည်း ပိုမိုကျော်ကြားစေရအောင် ပူးပေါင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

**ကြိုဆို**

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် ဖားကန့်မြို့နယ် နမ့်မော် လုပ်ကွက်အမှတ် (၁၀၉)သို့ ရောက်ရှိကြရာ ပတ္တမြားနဂါး ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများက ကြိုဆိုကြသည်။

**ကြည့်ရှု**

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် နမ့်မော် လုပ်ကွက် (၁၀၉)မှ ထွက်ရှိပြီး နိုင်ငံတော်သို့ ပတ္တမြားနဂါး ကုမ္ပဏီလီမိတက်က လှူဒါန်းထားသော တန်ချိန် ၃၀၀၀ရှိ ကျောက်စိမ်းတုံးကြီးကို ကြည့်ရှုကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့် အဖွဲ့ဝင်များသည် မြစ်ကြီးနားမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**ပို့ဆောင်နှုတ်ဆက်**

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ငြိမ်းချမ်းရေး အကျိုးဆောင်များ၊ ကချင်ပြည်နယ် အထူးဒေသ(၁) တိုင်းရင်းသားခေါင်းဆောင် ဦးစခုန်တိန့်ယိန်း၊ အထူးဒေသ(၂) တိုင်းရင်းသားခေါင်းဆောင် ဦးလမုန်တူးဂျိုင်၊ တိုင်းရင်းသားခေါင်းဆောင်များ၊ ကချင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအဖွဲ့ဝင်များက မြစ်ကြီးနားလေဆိပ်သို့ ပို့ဆောင်နှုတ်ဆက်ကြသည်။

ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ ညနေပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။

(သတင်းစဉ်)

ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ မိုးညှင်းဒီဂရီကောလိပ် တည်ဆောက်ရေး လုပ်ငန်းများ ပြီးစီးမှုကို တွေ့ရစဉ်။ (သတင်းစဉ်)

## တပ်မတော်နေ့ ပြခန်းတွင် ပြသမည့် ဗဟိုပြကွက် ပန်းချီကား ရေးဆွဲရေး ညှိနှိုင်း

**ရန်ကုန် ဇန်နဝါရီ ၁**

၂၀၀၄ခုနှစ် (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီက တပ်မတော်နေ့ ပြခန်းတွင် ပြသမည့် ဗဟိုပြကွက် (Center Piece) ပန်းချီကား ရေးဆွဲရေးကိစ္စနှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ယဉ်ကျေးမှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ (၅၉)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေ၊ အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်း၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်၊ လုပ်ငန်းကော်မတီဝင် ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ဆပ်ကော်မတီ အသီးသီးမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရှေးဦးစွာ (၅၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် စာပေ၊ အနုပညာပြိုင်ပွဲကျင်းပရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စစ်ဦးစီးအရာရှိချုပ်(ရေ) ဗိုလ်ချုပ်စိုးသိန်းက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် (၅၉) နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ် ကဗျာနှင့် အနုပညာပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်စိုးဝင်းမောင်က အမှာစကားပြောကြားသည်။

**ဖြည့်စွက်ဆွေးနွေး**

ယင်းနောက် ဆပ်ကော်မတီအသီးသီးမှ ကိုယ်စားလှယ်များက ဗဟိုပြကွက် ခင်းကျင်းပြသရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးကြပြီး စာပေ၊ အနုပညာပြိုင်ပွဲ ကျင်းပရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်စိုးသိန်းက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားသည်။ (သတင်းစဉ်)

**သာယာမည်**

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ သာယာမည်။**

## အောင်ဘာလေထီ ကံထူးရှင်ကြီးများ ထွက်ပေါ်

**ရန်ကုန် ဇန်နဝါရီ ၁**

အကြိမ်(၁၈၀)မြောက် ကျပ်၅၀တန် အောင်ဘာလေထီသိန်းဆုဖွင့်ပွဲမှ ယနေ့ ထွက်ပေါ်လာသည့်ဆုကြီးများ စာရင်း-

**ကျပ်သိန်း ၃၀၀ အထူးဆု**

သ-၇၈၂၀၁၄

**ကျပ် သိန်း၅၀ဆုများ**

ဟ-၇၇၆၃၂၂
က-၄၆၄၀၄၇
ဒ-၈၅၄၅၀၄
ခ-၅၉၅၀၆၉
သ-၆၂၃၈၂၉
ဝ-၃၇၈၉၄၂
ဟ-၃၅၅၈၇၉
ဟ-၃၁၈၈၉၃
ဇ-၅၃၈၅၈၁
က-၁၇၁၂၆၉

**ကျပ် ၂၅ သိန်းဆုများ**

စ-၈၀၆၆၉၀
ခ-၃၄၃၅၈၄
ပ-၁၄၄၁၁၂
ဂ-၈၀၅၀၆၇
ပ-၃၉၇၅၄၅
န-၁၁၆၇၈၈
ည-၁၀၄၈၅၆
ဝ-၅၄၂၆၉၅
ဖ-၅၄၆၈၁၂
ဃ-၂၃၀၇၅၆
ရ-၂၆၉၅၂၁
ဘ-၉၃၉၉၉၀
ယ-၃၁၅၈၉၉
ပ-၇၈၂၁၅၆
တ-၇၅၀၀၆၈
သ-၄၈၇၁၀၄
င-၉၁၄၀၂၁
ကက-၆၁၃၈၁၆
ခ-၈၅၈၂၁၄
ဋ-၇၆၇၇၇၇
ဒ-၇၈၀၉၅၅
ဠ-၆၈၃၅၈၇
ဂ-၈၄၈၁၇၈
င-၇၇၀၄၀၇
ဇ-၆၇၂၈၃၄
သ-၉၉၄၉၃၇
ပ-၅၆၉၄၅၆
န-၄၇၄၉၈၉

**ကျပ်သိန်း ၅၀ ဆု (မင်္ဂလာစုံတွဲ)**

ဃ-၈၁၇၉၃၀
ရ-၅၅၅၂၀၁
ခ-၂၀၄၃၁၆

## အီလက်ထရွန်းနစ် စက်ပြင်သင်တန်းဖွင့်မည်

**ရန်ကုန် ဇန်နဝါရီ ၁**

အောင် အီလက်ထရွန်းနစ်သင်တန်းမှ စိတ်ဝင်စားသော လူငယ်များအတွက် အထူးသီးသန့်ဖွင့်လှစ်သော ရေဒီယို၊ ကက်ဆက်၊ အသံချဲ့စက်၊ TV, VIDEO, VCD, CD, DVD စက်ပြင်သင်တန်းနှင့် Satellite တပ်ဆင်ခြင်း၊ ပြုပြင်ခြင်း သင်တန်းများအား လက်တွေ့ကိုအဓိကထား၍ ဆရာဦးအောင်ခိုင်က တစ်ဦးချင်း ပို့ချလျက်ရှိသည်။ စိတ်ပါဝင်စားသူများသည် အမှတ်(၄၄) ကျောက်မြောင်းလမ်း ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ် သီတာလမ်း မှတ်တိုင်အနီး ရန်ကုန် ဖုန်း-၅၄၀၁၂၀သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (က-ပ)

SPRAY PAINT

Christmas & New Year
အထူးအစီအစဉ်

Bosny Spray Paint အားဝယ်ယူအားပေးနေကြသော လူကြီးမင်းများ အတွက် ဗူးတိုင်းတွင် **စက်ဘီး** ကံစမ်းမဲများအား မေတ္တာလက်ဆောင်ထည့်ပေးထားပါသည်။

**စက်ဘီး စီးရေ(၅၀၀)** အား ယခုပေါက် ယခုထုတ်စနစ် ဖြင့် ကံစမ်းနိုင်ကြပါပြီ။

စည်းကမ်းချက် - ကံထူးရှင်မှ စက်ဘီးဆုလဲလှယ်ရာတွင် TWJS Co., Ltd ၏ ဆုံးဖြတ်ချက်သာ အတည်ဖြစ်ပါသည်။ ပေါက်မဲစာရွက်ပါ အမှတ်အသား ကိန်းဂဏန်းများ မထင်မရှားပျက်စီးစုတ်ပြဲခြင်း မရှိစေရ။

ကံစမ်းမဲကာလ - ၂၀-၁၁-၂၀၀၃ မှ ၂၀-၅-၂၀၀၄ အထိ။

ဆုမဲထုတ်ယူရန်နောက်ဆုံးရက် - ၃၀-၉-၂၀၀၄ အထိ။

စက်ဘီးကံထူးဆုအား အရောင်းကိုယ်စားလှယ်ဆိုင်ကြီးများမှတဆင့် ထုတ်ယူနိုင်ပါသည်။

**TWJS Co., Ltd**

အမှတ်(၂၃) သီရိမွန်အိမ်ရာ၊ ဘုရင့်နောင်လမ်းမ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
Ph: 681805, 681806, 681883

Tet Nadi Co. Ltd.

၂၀၀၄ ခုနှစ်-နှစ်သစ်မင်္ဂလာဆုမွန်လွှာ

မြန်မာတစ်နိုင်ငံလုံးမှ ဝယ်ယူအားပေးနေကြသော ရှေ့ဆန်ရှင်လူပြည်သူများ၊ ကျောင်းသားကျောင်းသူများ၊ လက်လီလက်ကား ဝယ်ယူဖြန့်ဖြူးရောင်းချပေးနေသော ကိုယ်စားလှယ်ကြီးများအား၊ ကျေးဇူးအထူးတင်ရှိကြောင်းနှင့် နှစ်သစ်မှာကိုယ်စိတ်နှစ်ပါး ပျော်ရွှင်ချမ်းသာမှုအစုစုတို့နှင့် ပြည့်စုံပါစေကြောင်း နှစ်သစ်မင်္ဂလာဆုမွန်ကောင်းအဖြစ်ပို့သအပ်ပါသည်။

တက်နဒီကုမ္ပဏီ၏ ယူနီကာလာလေ့လာစာအုပ်စက်ရုံကြီးမှ အရည်အသွေးမီ၊ အဆင့်အတန်းမြင့်၊ ကျောင်းသုံး၊ လုပ်ငန်းသုံးစာအုပ်အမျိုးမျိုး၊ ရုံးသုံးစက္ကူအမျိုးမျိုးကို ခေတ်မီဒီဇိုင်းအသစ်အဆန်းများဖြင့် လုံလောက်စွာထုတ်လုပ်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

unicolor® မှန်ကန် ခိုင်မာ ယူနီကာလာ

ရတနာမှာစိန် စိန်မှာစိန်ကျောက်

စိန်ကျောက်

အာမခံစိန်ဆိုင်

၂၀၀၄ ခုနှစ် ဇန်နဝါရီ နှင့် ဖေဖော်ဝါရီ (၂)လအတွင်း

စိန်ကျောက် မှ ဝယ်ယူအားပေးကြမည့် စိန်ချစ်သူတိုင်းအား

''စိန်ပဒေသာပင် အစီအစဉ်'' အဖြစ်

စိန်ထည်ပစ္စည်းများ မေတ္တာလက်ဆောင် ထပ်ဆောင်းချီးမြှင့်ပေးနေပြီမို့

အမြန်ဆုံးလေး

ဦးထွန်းထွန်းဦး + ဒေါ်ခင်ခင်မြ၊ ၁၂၁၊ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်း၊ ရန်ကုန်။

☎ : 252544, 281114, 280050, 09-8032041 E-mail : tuntunu@myanmar.com.mm

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
မြန်မာ့ဆန်စက်လုပ်ငန်းပြပွဲ ၂၀၀၄
MYANMA RICE MILLING INDUSTRY FA

ပထမဆုံးအကြိမ် မေတ္တာလက်ဆောင်ပြကွက်နှင့် မကြုံဖူးသော ကြိုတင်လက်မှတ်ဝယ်ယူအားပေး ကြည့်ရှုကြသည့် ချစ်ပရိသတ်ကြီးရဲ့ မေတ္တာစေတနာကို တုံ့ပြန်သော
အားဖြင့် ဒုတိယအကြိမ် ပြကွက်များ ထပ်မံတိုးချဲ့ မေတ္တာလက်ဆောင်ပေးနေပါပြီ
ကြိုတင်လက်မှတ်(၄)စောင်ဝယ်ယူသူများ မိမိဝယ်ယူသည့်နေရာတွင် နှစ်သစ်ကူးအမှတ်တရ မင်းမော်ကွန်းပုံပါ (၂၈"× ၃၀") ၂၀၀၄ ခုနှစ်ပြက္ခဒိန်
တစ်စောင် လက်ဆောင်အဖြစ်
ပြိုင်
Design: mgmhnitika

Design: Wai Zin / Photo: Kyaw San


ဆာဒုံးကြီး ကျားအားနည်း

Yan Aung

DOLBY DIGITAL SOUND
မြို့မ
Starring:
TUSSHAR,
ESHA DEOL
RAJESH KHANNA,
RAJ BABBAR,
ပွဲချိန်သတိပြု
၁၁ း ၁၅ နာရီ
၂ း ၁၅ နာရီ
၅ း ၁၅ နာရီ
၈ း ၁၅ နာရီ
Kyaa Dil Ne Kahaa

# နှစ်သစ်မင်္ဂလာ ဆုတောင်းလွှာ

၂၀၀၄ခုနှစ် နှစ်သစ်ချိန်ခါသမယတွင် နှင်းဆီကုန်းဘိုးဘွားရိပ်သာရှိ အဘိုးအဘွားများ၏ စားဝတ်နေရေး၊ ကျန်းမာရေးနှင့် ကုသိုလ်ရေးပါမကျန် စောင့်ရှောက်ထားနိုင်ရန် ထက်သန်သော စေတနာ၊ ကရုဏာတရား၊ မေတ္တာပွား၍ အစဉ်သဖြင့် အရေးတယူ ကူညီလှူဒါန်းကြသူ အလှူရှင်များနှင့် ဝေယျာဝစ္စကုသိုလ်ရှင်များအားလုံး ဘေးဘယာဝေးကွာ၍ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေကြောင်း ဘိုးဘွားများ၊ စောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဝန်ထမ်းများက ဆုတောင်းမေတ္တာ ပို့သလျက်ရှိပါသည်။

**နှင်းဆီကုန်းဘိုးဘွားရိပ်သာ**

**၂၁၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း–၅၄၁၇၉၆၊ ၅၄၁၇၉၇။**



# အနှစ်(၂၀)ပြည့် မင်္ဂလာဆုတောင်း

ဖေဖေ **ဦးထွန်းမြင့်**(ကောင်းထက်ဇော် သစ်ရောင်းဝယ်ရေး) နှင့်မေမေ **ဒေါ်ညိုညိုသန်း**(ဒေါ်ခင်စန်းမိသားစုမြန်မာထမင်းဆိုင်) တို့၏ ၁–၁–၂၀၀၄ရက်နေ့တွင် ကျရောက်သည့် မင်္ဂလာရက်မြတ်မှ နောင်နှစ်ပေါင်းများစွာ ချစ်သော သားသမီးများနှင့် အတူ ဆင်နွှဲနိုင်ပါစေ. . .။

**ချစ်သားသမီးများ–**

**(မကေသွယ်ထွန်း) မစုသွယ်ထွန်း**
**မအိသွယ်ထွန်း၊ မောင်ရန်ငြိမ်းကျော်၊**
**မောင်ကောင်းထက်ဇော်။**

# ပြည်ထောင်စုမြန်မာနိုင်ငံတော် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ကြော်ငြာစာအမှတ် – ၄၇/၂၀၀၃ (၂၀၀၃ခုနှစ်၊ဒီဇင်ဘာလ ၂၄ရက်) လျှောက်လွှာခေါ်ယူခြင်း

၁။ အလုပ်သမားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးများအတွက် လျှောက်လွှာများ အလိုရှိပါသည်။

| ရာထူး | ပညာအရည်အချင်း | လစ်လပ် |
|---|---|---|
| ဦးစီးအရာရှိ (စီမံခန့်ခွဲရေး ဝန်ထမ်းအဆင့်–၂) | စီးပွားရေးပညာဘွဲ့(စာရင်းအင်း) (သို့မဟုတ်) တက္ကသိုလ်တစ်ခုခုမှဘွဲ့ရရှိပြီး စာရင်းအင်းပညာဒီပလိုမာရရှိသူ | (၂)နေရာ |

၂။ လျှောက်ထားသူသည်–
   (က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
   (ခ) ၂၆–၁–၂၀၀၄နေ့တွင် အသက် ၃၅နှစ် (ဝန်ထမ်းဖြစ်ပါက အသက် ၄၀နှစ်)ထက် မကျော်လွန်သူဖြစ်ရမည်။

၃။ လျှောက်လွှာကို ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ရုံးသို့ ၂၆–၁–၂၀၀၄နေ့ အရောက် ပေးပို့ရမည်။

